# ကလဟဝိနိစ္ဆယ

၂၉၄.၃၁၁
စထ

ဟံသာဝတီ ပိဋကတ် ပုံနှိပ်တိုက်။
ရန်ကုန်မြို့။
၂၄၈၅ 1941. ၁၃၀၃

၄၉၇၁

# ကလဟာဝိနိစ္ဆယစာတန်း။

စိရံတိဋ္ဌတုသဒ္ဓမ္မော။ ။ဗုဒ္ဓေါ ပစ္စေကဗုဒ္ဓေါစ။ အရဟာ စက္ကဝတ္တိတိ။ထူပထူပါရဟာဝန္တေ။ စတုထူပါရဟေသုတံ။ ။ ဗုဒ္ဓေါစ။သဗ္ဗညုဘုရားလည်းကောင်း။ပစ္စေကဗုဒ္ဓေါစ။ပစ္စေက ဗုဒ္ဓါလည်းကောင်း။အရဟာ။ရဟန္တာလည်းကောင်း။ စက္ကဝတ္တိ။ စကြာဝတေးမင်းလည်းကောင်း။ဣတိ။ဤသို့။ စတုထူပါရဟေ သု။ စေတီထိုက်လေးပါးတို့တွင်။ ထူပထူပါရဟံ။ စေတီထက် စေတီထိုက်တော်မူသော။တံဗုဒ္ဓံ။ထိုမြတ်စွာဘုရားကို။ အဟံ။ အကျွန်ုပ်သည်။သိရသာ။ဦးဖြင့်။ဝန္ဒေဝန္ဒာမိ။ရှိခိုးပါ၏။

ဓမ္မုတ္တဒေသနာဝေဓ။စတုဂန္တိရဒုဒ္ဒသံ။ဓမ္မံလောကဿဒေ သေန္တံ။ဓမ္မရာဇံနမာမိ။

ဓမ္မုတ္တဒေသနာဝေဓ။စတုဂန္တိရဒုဒ္ဒသံ။ ပါဠိ၏နက်နဲခြင်း။အ နက်၏နက်နဲခြင်း။ ဒေသနာ၏နက်နဲခြင်း။ အသိဉာဏ်၏ နက်နဲ ခြင်းဟုဆိုအပ်သော။လေးပါးသောနက်နဲခြင်းတို့ဖြင့်။ သိမြင်နိုင် ခဲသော။ ဓမ္မံ။ တရားတော်ကို။ လောကဿ။ လူအများ အား။ ဒေသေန္တံ။ဟောတော်မူတတ်သော။ ဓမ္မရာဇံ။ တရားမင်းဘုရား ကို။အဟံ။အကျွန်ုပ်သည်။သိရသာ။ဦးဖြင့်။နမာမိ။ရှိခိုးပါ၏။

ဒုစိန္တိတ စိန္တိဒုဘာ၊ သိတ်[illegible]ကာ ရိကောဇတေ။တိဗာလေဘာသကံ[illegible]

[illegible]စာကြည့်တိုက်
[illegible]

ဒုစ္စိန္တိတစိန္တီ။ မကောင်းသောအကြံကို ကြံလေ့ရှိသော သူ
လည်းကောင်း။ ဒုဗ္ဘာသိတဘာသီ။ မကောင်းသော စကားကို
ဆိုလေ့ရှိသော သူလည်းကောင်း။ တထာ ပရေ။ ထိုမှတပါး။
ဒုက္ကဋကာရီကော။ မကောင်းသော အမှုအရာကိုသာ ပြုလေ့ရှိ
သောသူလည်းကောင်း။ဣတိ။ဤသို့။ ဗာလလက္ခဏသံယုတ္တေ။
သူမိုက်ဟုမှတ်ရခြင်း၏အကြောင်းလက္ခဏာနှင့်ယှဉ်ကုန်သော
ဋ္ဌေတတိဗ္ဗာလေ။ထိုသုံးယောက်သောသူမိုက်တို့ကို။ဘာသကံ။
ဟောပြွက်ပေါ်ပြ။ မိန့်ဟတော်မူတတ်သောမြတ်စွာဘုရားကို။
အဟံ။အကျွန်ုပ်သည်။နမေနမာမိ။ရှိခိုးပါ၏။

အနန္တဉာဏသမ္ဗုဒ္ဓံ။ ဗုဒ္ဓံ မောဟာပိဓံသကံ။ ဝန္ဒိတွာ ပဝရ
ဂဏံ။အာစရိယဉ္စမေဂရုံ။ ။တတိယနကါရဝိပုလာပတျာဝတ္တ
ဂါထာ။ ။အဟံ။အကျွန်ုပ်သည်။အနန္တဉာဏံ။ အဆုံး မရှိ သော
သဗ္ဗညုတဉာဏ်ရှိတော်မူသော။သမ္ဗုဒ္ဓံ။မြတ်စွာဘုရားကို။ဝန္ဒိ
တွာဝန္ဒာမိ။ ရှိခိုးပါ၏။ ဝန္ဒိတွာ။ရှိခိုးပြီး၍။မောဟာပိဓံသကံ။မော
ဟကိုဖျက်တတ်သော။ဗုဒ္ဓံ။မဂ်လေးတန်ဖိုလ်လေးတန်။ နိဗ္ဗာန်
ပရိယတ္တိဟုဆိုအပ်သော၊ ဆယ်ပါးသောတရားတော်ကိုလည်း။
ဝန္ဒိတွာဝန္ဒာမိ။ရှိခိုးပါ၏။ ဝန္ဒိတွာ။ရှိခိုးပြီး၍။ ပဝရံ။မြတ်သော။
ဂဏဉ္စ။မဂ္ဂဋ္ဌာန်လေးယောက်။ ဖလဋ္ဌာန်လေးယောက်ဟုဆိုအပ်သော
ရှစ်ယောက်သောပရမတ္ထသံဃာတော်အပေါင်းကိုလည်း။ဝန္ဒိတွာ
ဝန္ဒာမိ။ရှိခိုးပါ၏။ဝန္ဒိတွာ။ရှိခိုးပြီး၍။ဂရုံ။ ကျော်ထီးအတူအလေး
မူအပ်သော။မေ။အကျွန်ုပ်၏။အာစရိယဉ္စ။ ဝရသမ္ဗောဓိဓဇနာမ
ပညတ်ဆရာမြတ်ကိုလည်း။ဝန္ဒိတွာဝန္ဒာမိ။ရှိခိုးပါ၏။ ဝန္ဒိတွာ။
ရှိခိုးပြီး၍။ ။သပ္ပုရိသေဟိ ယာစိတော။ ကရိဿာမိဝိနိဿယံ။
တံမေသုဏာထသာဓုကံ။အဝိက္ခိတ္တာဝသာဓဝေါ။ ။ဒုတိယ
ပါဒ။စတုတ္ထပါဒနိက်။အစလေးလုံးနောင်။ဇဂဏ်နှင့်ယှဉ်သော
ကြောင့်။ပတျာဝတ္တဂါထာ။ ။သပ္ပုရိသေဟိ။ သူတော်ကောင်းဖြစ်
ကုန်သော။ ဥလမ္ဗြိသားယောကျ်ားမိန်းမတို့သည်။ ယာစိတော။
ဗုဒ္ဓသိရိက္ခ။ သဒ္ဓမ္မဂါရဝ။ နှစ်ဌာနသောစာတန်းတို့၏။ ဖြောင့်

တန်းမှန်ကန်ရာကို။သိလိုကြကြောင်းနှင့်။ တောင်းပန်အပ်သည် ဖြစ်၍။ဝိနိစ္ဆယံ။ဤစာတန်းမှန်သည်။ထိုစါတန်းမှန်သည်ဟု။ဌြင်း ချန်ခြင်းကိုစွဲ၍ ဆုံးဖြတ်ရာ ဆုံးဖြတ်ကြောင်း ဖြစ်ခြင်းကြောင့်။ ကလဟာဝိနိစ္ဆယအမည်ရှိသော ဤစာတန်းကို။အပဟံ။ ဒလမြို့နေ မောင်စံထွန်းအမည်ရှိသောအကျွန်ုပ်သည်။ ကရိသာမိ။ စီရင် ပေအံ့။တံ။ထိုစီရင်လတ္တံ့သော ကလဟာဝိနိစ္ဆယစာတန်းကို။ အ ဝိက္ခိတ္တော။ ပြန့်လွင့်ခြင်းမရှိသည်။ ဟုတွာဝေ။ဖြစ်၍သာလျှင်။ သာဓုကံ။ ကောင်းစွာ။ သာဓဝေါ။ သူတော်ကောင်း ဖြစ်ကုန် သော။တုမှေ။သင်တို့သည်။မေမမ။ အကျွန်ုပ်၏။သန္တိကံ။ အထံ မှ။ သုဏာထ။ နာကုန်လော့။ ။နိပစ္စကာရသေဿတဿက တဿရတနတ္တယေ၊အာနုဘာဝေန သောသေတွာ။ အန္တရာယေ အသေသတော။ ။ဟူသော ဝမ္ဗသဂ်ဏီ အဋ္ဌကထာပါဌ်နှင့် အညီ၊ရတနာသုံးပါး၌ ရှိခိုးခြင်းပဏာမစေတနာ၏အာနုဘော် ကြောင့်။ဘေးအန္တရာယ်အပေါင်းတို့ကို။ အကြွင်းမရှိ ပယ်ပျောက် စေ၍။ ကလဟာဝိနိစ္ဆယမည်သော။ ကောက်ချက် စာတန်းကို။ ရေးသားစီရင်ပေအံ့သတည်း။

ဥက္ကံဝံသ မာလာမဟာထေရ်၏။ စီရင် ရေးသားတော်မူအပ် သော။ဗုဒ္ဓသရိက္ခစာတန်းနှိုက်။ဗိမ္ဗသာရမင်းကြီးသည်။ စေတိ ယင်္ဂဏဖြစ်သောပန်းတင်ခုံအထက်နှိုက်။ ဘိနပ်ခြေနင်းစီးခြင်း။ မဆေးသောခြေတို့ဖြင့်။ ရဟန်းသံဃာတို့ နေထိုင်ရာအခင်းသို့။ တက်နင်းခြင်း။ ဤအကြောင်းနှစ်ပါးတို့ကြောင့်သာလျှင်၊ဘဝါး တော်နှိုက် ဓါးခွဲ ခံရသည်ဟုလာသည်။ ပရဝဏ်အရာမ်တွင်း နှိုက်။ ဘိနပ်ခြေနင်းစီးခြင်း ကြောင့်။ ဓါးခွဲခံရ သည်ဟု မလာ ကြောင်း။ သီလက္ခန် အဋ္ဌကထာကို။ ကိုးကား ၍ ထုတ်တော် မူသည်။ ။ပန်းတင်ခုံစေတိယင်္ဂဏ မည်ကြောင်းလည်း။ ။ စေတိ ယင်္ဂဏေတိ။ ဂန္ဓ ပုပ္ဖါဒီဟိ ပူဇန ဋ္ဌာန ဘူတေ။ စေတိ ယင်္ဂဏေ။ ။သီလက္ခန္ဓဋီကာဟောင်းပါဌ်။ ။စေတိယင်္ဂဏေ

တိ။ဂန္ထပုပ္ဖါဒိဟ်ပုဇ္ဇနဌာနဘူတေ။ စေတိယဿဘူမိတလေ။ ။ သီလက္ခန်ဋီကာသစ်ပါဌ်။

ဤသို့ အဋ္ဌကထာ။ ဋီကာဟောင်း ဋီကာသစ် ပါဌ်တို့ဖြင့်။ အဓိပ္ပါယတ္ထနှင့်တကွ။ပန်းတင်ခုံကိုစေတိယင်္ဂဏစေတိယင်ဟု ခေါ်ဝေါ်အပ်သည်ဟုဆုံးဖြတ်၍။ အရဋ္ဌတံတိုင်းတွင်းနှိုက်။ လူတို့ ဘိနပ်စီးသော်လည်း။အပြစ်ရှိအံ့မထင်။ ရဟန်းတို့မှာ။ ခွင့်ပေး တော်မူသော့ကြောင့်။စီးကောင်းသည်သာဟု။ စီရင်ရေးသား တော်မူသောအရာနှိုက်။ယုတ္တာယုတ္တိကိုဆင်ခြင်လျှင်။ ။စေတိ ယင်္ဂဏေတိ။ဂန္ထပုပ္ဖါဒိဟ်ပုဇ္ဇနဌာနဘူတေ။ ။ဟူ၍သာ။ပူဇော် ရာဌာနကို။ ဋီကာဟောင်း။ဋီကာသစ်တို့နှိုက်။အညီအညွတ်ဖွင့် ဆိုသည်။ ။ဂန္ထပုပ္ဖါဒိဟ်။အာရောပိတဌာနဘူတေ။ ။ဟူ၍ တင်ရာဌာနကိုဖွင့်ဆိုတော်မမူကြ။အဋ္ဌကထာတို့ဖြင့်အပြေအ ဖြစ်ပြုသော။ ဘိနပ်အကျည်ကို၊ စေတိယင်္ဂဏဆိုလိုသည်ဖြစ် အံ့။ ။စေတိယဿဆုဋ္ဌကတလေ။ ။ဟူ၍ဋီကာသစ်၌ဖွင့် သင့်လျက်။ ဤသို့မဖွင့်။ ဖြေဝေါပါဌ်ဖြင့်။ ဘူမိတလေဟု။ဖွင့် တော်မူပြန်သည်။အာရောပိတဌာနဘူတေ။ဟူသောပါဌ်။ ဆုဋ္ဌ တ လေ ဟူ သော ပါဌ်တို့ကို။ ဋီကာဆရာတို့။ မဖွင့် မဆို သော် လည်း။လူတို့ခေါ်ဝေါ်ပြတ်သော ဝေါဟာရသို့လိုက်လျှင်။ပန်း နံ့သာပူဇော်သည်ကိုလျက်။ပန်းနံ့သာတင်သည်။ ဆွမ်းတော်ပူ ဇော်သည်ကိုလျက်။ ဆွမ်းတော်တင်သည်။ ဤသို့လည်း။ ခေါ် ဝေါ်ပြတ်ကြသည်။ ပန်းတော်တင်သည်။ ဆွမ်း တော်တင် သည်ခေါ်ဆိုသောစကားကိုထောက်၍။ ဋီကာဟောင်း။ ဋီကာ သစ်ပါဌ်အရ။တင်လှူပူဇော်ရာ ဘိနပ်အကျည်ပန်းတင်ခုံကို။စေ တိယင်္ဂဏဟု။ယူတော်မူခြင်းသည်။သင့်သကဲ့သို့ပင်အကြောင်း အရိပ်ထင်သည်။ ။အရဋ္ဌတံတိုင်းတွင်းနှိုက်။ ဘိနပ်စီးအပ်ကြောင်း အရိပ်ထင်၍။ စီးတော်မူပါလျက်။များစွာသောဒါယကာ။ ဒါယ ကာမတို့။ မျက်နှာရုံ့ရွံ့ကဲ့ရဲ့ပြောဆို။ အကြည်ညိုပျက်ကြခြင်း သည်။ အဘဖြစ်သော။ မြတ်စွာဘုရား၏စကားတော်ကို။မနာ

မယူရာ ချောက်ချေသည်။ မနာမယူဟန့်ကား။ မြတ်စွာဘုရား သည်။ဆယ်ပါးသောအကျိုးထူးတို့ကိုစွဲ၍၊ တပည့်သားသံဃာ တော်မြတ်တို့အား။ပညတ်တော်မူရာ။ဆယ်ပါးသောအကျိုးထူး တို့တွင်။ခုနစ်ပါးမြောက်။မကြည်ညိုသေးသောသူတို့ကို။ကြည် ညိုစိမ့်သောငှါ။ ရှစ်ပါးမြောက်။ကြည်ညိုပြီးသောသူတို့ကို။ အ လွန်ကြည်ညိုစိမ့်သောငှါသာ။ ဘုရားပညတ်တော်မူသည်။ ဤ သို့ဘုရား ပညတ်တော်မူတိုင်း။ ကြည်ညိုအောင်မပြုမကျင့်။ အ ကြည်ညိုပျက်အောင်ပြုကျင့်သောကြောင့်။အဘဖြစ်သောမြတ် စွာဘုရား၏စကားတော်ကိုမနာမယူရာရောက်သည်။ ငါသည် ဘုရား ပညတ်တော်ကိုသိလျက်။ လွန်ကျူးမှဲ့ လွန်ကျူး သည် မ ဟုတ်။မျက်နှာရုံ့ချ။ ကဲ့ရဲ့ပြောဆို အကြည်ညို ပျက်ကြမည်ကို မသိ၍။ တကြိမ်တခါစီးကောင်းသောအဍ္ဎတံတိုင်းအတွင်း။ပရိ ဘောဂတိုက်တွင်း၌ဘိနပ်စီးလျက်လူးလာတုံခေါက်စင်္ကြံ လျှောံ မိသည်ဟု မိန့်ဆိုတော် မူရမှာလည်း၊ ၁၂၅၃ ခုနှစ် ပြည်မြို့သို့ ကြွရောက်သော အခါ။ ဆံတော်ရှင်စေတီ အရှေ့ စောင်းတန်း လှေကားက။ဘိနပ်စီးတက်သွား၍တံတိုင်းပြင်ဘက်နား၌ဘိနပ် ကိုပယ်ချွတ်ထားသည်ကိုလျက်။လူအချို့တို့ရုံ့ချ စောင်းငဲ့ ကဲ့ရဲ့ ကြကုန်သည်ဟု။ဗုဒ္ဓသရိက္ခစာတမ်းတွင်။ ထည့်သွင်း ရေးသား သော ကြောင့် အကြည်ညို ပျက်ကြ သည် ကို။ ထို ၅၃ ခုနှစ်အ ခါတုံးက သိတော်မူခဲ့ပြီ။ထိုသို့ သိတော် မူလျှင်။ ပြည်မြို့ တွင်။ စောင်းတန်းလှေကား။ဘိနပ်စီးကာမျှနှင့် ကဲ့ရဲ့ကြကုန်သည်။ ဤ ရန်ကုန်မြို့။ တိဂုမ္ဘစေတီ တော်ကြီး။ အဍ္ဎတံတိုင်းအတွင်း ပရိ ဘောဂစေတီတိုက်၌ ဘိနပ်စီးမှုကားဆိုဘွယ်မရှိ။ မျက်နှာရုံ့ချ ကဲ့ရဲ့ပြောဆို။အကြည်ညိုပျက်ကြလိမ့်မည်ကို။ အရှင်ဥက္ကံဝံသ မာလာမထေရ် သိတော် မူထိုက်သည်။ အသက်အရွယ်တော် ကြီးရင့်သည်ဖြစ်၍။သွားကျိုးခြင်း။ဆံဖြူခြင်း။မေ့လျော့လူခြင်း။ သူငယ်ပြန်ခြင်း စသော အကြောင်းတို့ကြောင့် ဖြစ်အံ့။ ယုတ္တာ ယုတ္တိဆင်ခြင်၍။ အပြစ်တင်ဘွယ် မရှိပေ။ ထိုသို့ မဟုတ်မူ၍။

မျက်နှာရုံခွဲ့ကဲ့ရဲ့ပြောဆို အကြည်ညိုပျက်ကြမည်ကိုသိတော်မူလျက်နှင့်။ ဘိနပ်စီးတော်မူသည် ဖြစ်အံ့။ ။စည်တီးသွားသားအဘ။ ခရုသင်းမှုတ်သော သားအဘ။ ဂိဇ္ဈဇာတ်၌။ လင်းတငယ်တို့သည်။ အဘစကားကိုမနာမယူခြင်းကြောင့်ပျက်စီးခြင်းသို့ရောက်သကဲ့သို့။ အရှင် ဥက္ကံဝံသ မာလာ မထေရ်ကြီးမှာလည်း။ မြတ်စွာဘုရား၏စကားတော်ကိုမနာမယူခြင်းကြောင့်။ များစွာသောဒါယကာဒါယကာမတို့။ မျက်နှာရုံခွဲ့ ကဲ့ရဲ့ပြောဆို အကြည်ညိုပျက်ကြကုန်သည်။ စည်တီးသွားတို့အကြောင်းကို။ သိလောက်ရုံအမြွက်မျှထုတ်၍ပြဦးအံ့။

ရှေးလွန်လေပြီးသော အခါ။ ဗာရာဏသီ ပြည် မြဟ်ဝယ်။ ဗြဟ္မဒတ်မင်း။မင်းပြုစည်။ စည်တီးသွား သားအဘနှစ်ယောက်တို့သည်။အရပ်တပါးသို့သွား၍။အခါပါး စည်တီးပြီးလျှင်။မိမိတို့အိမ်သို့ပြန်လည်ခဲ့ကြရာ။တောရက္ခာရခရီးခဲ၌။မိမိတို့ဆောင်ယူခဲ့သော စည်ကြီးကို မတီးမဆော်လင့်ဟု အဘဖြစ်သူက။ မြစ်တားပါလျက်။ အဘစကားကိုမနာမယူ။ စည်ကြီးကိုတီးဆော်ခြင်းကြောင့်။ စည်တီး၍ရခဲ့သော ငွေအသပြာကို။ ခိုးသူတို့လုယက်၍ပျက်စီးဘူးလေသည်တဝ။ ။ခရုသင်းမှုတ်သောသားအဘ၌လည်း။ ရှေးနည်း တူပင်။ အဘစကားကို မနာမယူခြင်းကြောင့်။ ခရုသင်းမှုတ်၍ရခဲ့သော ငွေအသပြာကို။ ခိုးသူတို့လုယက်၍ ပျက်စီး ဘူးလေသည် တရပ်။ ။ဂိဇ္ဈ ဇာတ်၌လည်း။ အဘလင်းတ ငှက်၏စကားကို မနာမယူ။ ကောင်းကင်ခရီး၌။ ကျက်စားချက်လွန်၍။ ဝေရမ္ဘလေတွင်။ ကြေမွပြုန်းတီး ပျက်စီးဘူးလေသည်။ ။ဤလောက၌။ မိဘတို့၏စကားကို။မနာမယူချေလျှင်။ ပစ္စက္ခဘဝ၌လည်း။ အကျိုးစီးပွါးဆုတ်ယုတ် ပျက်စီးခြင်း။အနိဋ္ဌဖလဝိပါကဖြစ်သော။ အကုသိုလ်တရားတို့၏အကျိုးပေးခြင်း။ သဘော ဓမ္မတာပင်ဖြစ်သကဲ့သို့။ မြတ်စွာဘုရား၏စကားတော်ကိုမနာမယူချေလျှင်။တမလွန်ပစ္စက္ခ။နှစ်ဌါန၌ပင်။ အနိဋ္ဌဖလဝိပါကဖြစ်သော။အကုသိုလ်တရားတို့၏။ အကျိုးပေး

ခြင်းသဘော ဓမ္မတာပင် ဖြစ်သည်။ ဥပမည်းပုံကပ်။ ပမာနှင့်ဟပ်ရန်မှာ။

မြတ်စွာဘုရားသည်။ စည်တီးသွား၏အဘနှင့်တူတော်မူ၏။ အရှင်ဥက္ကံဝံသမာလာမထေရ်ကြီးမှာ။ စည်တီးသွား၏သားနှင့်တူ၏။ စောရဂန္ဓာရခရိုးခဲနှင့်တူသော။ တိရစ္ဆာနစေတီတော်ကြီး၏ တံတိုင်းအတွင်း။ ပရိသာဂ တိုက်နိုက်။ စည်ကြီးကို မတီးမခေါ်လင့်။ တီးခေါ်လျှင်။ ခိုးသူတို့ကြားကြသဖြင့်။ ငါတို့နိုက် စည်တီး၍ရခဲ့သော ငွေအသပြာကို။ လုယက်၍ ယူလိမ့်မည်ဟု။ အဘဖြစ်သူက မြစ်တားသည်နှင့်တူသော။ တစုံတခုဒါယကာဒါယကာမတို့။ မနှစ်သက်သောအမှုကိုပြုလျှင်။ မျက်နှာရုံ့ခွဲ့ကဲ့ရဲ့ပြောဆို။ အကြည်ညိုပျက်ကြလိမ့်မည်ဖြစ်၍၊ မကြည်ညိုသေးသောသူတို့ကိုကြည်ညိုအောင်။ ကြည်ညိုပြီးသော သူတို့ကိုလွန်စွာတိုးပွါး၍။ ကြည်ညိုအောင်သာ ပြုရမည်။ အကြည်ညိုပျက်အောင် မပြုလင့်ဟု။ မြတ်စွာဘုရား မြစ်တားတော်မူသည်ကို။ စည်ကြီးကိုတီးခေါ်သည်နှင့်တူသော။ ဘိနပ်ကိုစီးခြင်းကြောင့်၊ ခိုးသူလုယက်၍ယူသည်ကိုခံရသည်နှင့်တူသော။ များစွာသော ဒါယကာဒါယကာမတို့၏။ မျက်နှာရုံ့ခွဲ့ကဲ့ရဲ့ပြောဆို အကြည်ညိုပျက်ကြသည်ကို။ အရှင်ဥက္ကံဝံသမာလာမထေရ်ကြီးခံတော်မူရှာသည်။ ။ခရုသင်းမှုတ်သွားသားအဘ။ ဂိဇ္ဈဇာတ်နိုက်လာသော။ လင်းတငှက်သားအဘတို့၏။ ဥပမာဥပမည်းဟပ်ပုံကို။ စည်တီးသွားသားအဘနိုက် ဟပ်သကဲ့သို့။ ဟပ်၍ယူကြပါလေ။ ဟပ်ပုံမခဲယည်းပြီ။

ဆယ်ပါးသောအကျိုးတို့ကိုစွဲ၍ ရဟန်းတို့အား။ သိက္ခာပုဒ်ကို။ ပညတ်တော်မူဟန်ကား။ ။တေနဟိဘိက္ခဝေ ဘိက္ခုနံ။ သိက္ခာပဒံပညပေဿာမိ။ ဒသအတ္ထဝသေပဋိစ္စ။ သံဃသုဋ္ဌုတာယ။ သံဃဖါသုတာယ။ ဒုမင်္ကူနံပုဂ္ဂလာနံနိဂ္ဂဟာယ။ ပေသလာနံ ဘိက္ခူနံဖါသု ဝိဟာရာယ။ ဒိဋ္ဌဓမ္မိကာနံအာသဝါနံ သံဝရာယ။ သမ္ပရာယိကာနံ အာသဝါနံပဋိဃာတာယ။ အပ္ပသန္နာနံပသာဒါ

ယ။ပသန္နာနံဘိယျောဘာဝါယ။ သဒ္ဓမ္မဋ္ဌိတိယာ။ဝိနယာနုဂ္ဂဟာယာ
ယ။ ။ပါရာဇိကကဏ် ပါဠိတော်။ ၁၀ ကြောင်းပေ။ ကံ။ ချုပ်
ကျောဘက်။ ၈ ကြောင်း။တပိုင်း။ ။ဟံသာဝတီစာပုံနှိပ်တိုက်
ကရိုက်သောပါရာဇိကကဏ်ပါဠိတော်စါအုပ်မှာမူ။မျက်နှာနံပါတ်
၂၄ အကြောင်းရေ ၁၃ ။ သုဒ္ဓိန္နဘာဏဝါရ။ ။ဘိက္ခဝေ။ ရ
ဟန်းတို့။တေနဟိ။ ထိုသို့တပြီးကား။ဒသအတ္ထဝသေ။ဆယ်ပါး
သောအကျိုးထူးတို့ကို။ပဋိစ္စ။စွဲ၍။ဘိက္ခူနံ။ရဟန်းတို့အား။သိက္ခါ
ပဒံ။သိက္ခာပုဒ်ကို။ပညပေဿာမိ။ပညတ်တော်မူအံ့။ ။သံဃ
သုဋ္ဌုတာယ။သံဃါကောင်းပြီဟူ၍စကားတော်ကိုဝန်ခံစိမ့်သော
ငှာ။သံဃဖါသုတာယ။သံဃာကိုချမ်းသာစိမ့်သောငှာ။ ဒုမင်္ကူ
နံပုဂ္ဂလာနံ။သီလမရှိသောပုဂ္ဂိုလ်တို့ကို။ နိဂ္ဂဟာယ။နှိပ်ခြင်းငှာ။
ပေသလာနံ။သီလကိုချစ်ကုန်သော။ဘိက္ခူနံ။ရဟန်းတို့ကို။ဖါသု
ဝိဟာရာယ။ ချမ်းသာစွာ နေစိမ့်သောငှာ။ ဒိဋ္ဌဓမ္မိကာ နံ။ မျက်
မှောက်သော ကိုယ်၏ အဖြစ်နှိုက် ဖြစ်ကုန်သော။ အာသဝါနံ။
ဘေးရန်တို့ကို။ သံဝရာယ။ ပိတ်ခြင်း တားခြင်းငှာ။ သမ္ပရာယိ
ကာနံ။ တမလွန်သံသရာနှိုက်ဖြစ်ကုန်သော။ အာသဝါနံ။ငရဲအ
စရှိကုန်သောဘေးရန်တို့ကို။ပဋိဃာတာယ။ ပယ်ခြင်းပျောက်
ခြင်းငှာ။ အပ္ပသန္နာနံ။ မကြည်ညိုသေးသော သူတို့ကို။ ပသာ
ဒါယ၊ ကြည်ညို စိမ့် သောငှာ၊ ပသန္နာနံ။ ကြည် ညို ပြီးသော
သူတို့ကို။ ဘိယျောဘာဝါယ။ အလွန် ကြည်ညို စိမ့်သောငှာ။
သဒ္ဓမ္မဋ္ဌိတိယာ။ သူတော်ကောင်း တရားတည်စိမ့်သောငှာ။ ဝိ
နယာနုဂ္ဂဟာယ။ ဝိနည်းကိုချီးမြှောက်ခြင်းငှာ။ပညတ္တံ။ ပညတ်
တော်မူ၏။ဤသို့အနက်ယောဇနာ။

အပ္ပသန္နာနံ ပသာဒါယ။ဟူသောဘုရားဟောပါဠိတော်ကို။
သမန္တပါသာဒိကာအမည်ရှိသောဝိနည်းပါရာဇိကကဏ်အဋ္ဌကထာ
ဆရာဖွင့်တော် မူဟန်ကား။ ။အပ္ပသန္နာနံ ပသာဒါယာတိ။
သိက္ခာပဒပညတ္တိယာဟိ။သတိ သိက္ခာပဒပညတ္တိံ ဉတွာဝါယ
ထာပညတ္တိံပဋိပဇ္ဇမာနေ ဘိက္ခူဒိသွာ။ ယေပိအပ္ပသန္နာ ပဏ္ဍိ

ရအခန်း။ အမှုကိုထမ်းကြသည်။ အစွမ်းသရေ။ မမကျေလျှင်။ အခြေမရှိ။ ရမဆုံးလျှင်။ ဘုရားကုံးထိတတ်သည်။ ရာဇိန္ဒတန်ခိုး။ဘိုးအနုဿ။တောင်သပြေ။ ရောင်ငွေလသို့။ပကြက်သရေ။မြရွက်ရွှေနှင့်။ ငွေဝရဖိန်များ။ သန်လျက်ထားသို့။ အသွားသွက်သွက်။ထိလေတိုင်းထက်သလို။ ငဲ့ကွက်ခြင်းမရှိ။ ပကတိလမ်းမှန်။ ဆန်းဥာဏ်ကမဖက်။ အက်အရ နှောက်မွေ့။ ဥပဒေဖြတ်ထုံး။အလုံးစုံမွေ့သတ်။မှတ်ချက်နှင့်ပုဒ်မ။ ကိုဝေခါမည့်တွင်။ မနှုရှင်ဖြတ်တန်း။ ခန်းရာဇသတ်။ အခြားသူတတ်သော်လဲ။ မှတ်ကြတော့အမှန်။ ရာဇဏ်ထုံးတန်းမှာတော့ဖြင့်။ တလမ်းမျှမကျန်ဘူး။စံရွှေသိဂ်။ နဒဇမ္ဗူ။ ဥဏ္ဏာဂူလို။ ယုန်ဖြူဖန်နန်း။ မြို့ရွှေဒန်းက။ တတ်ကျွမ်းလိမ္မာ။ မဟာဥက္ကဌ။အစိုးရ၍။ တရားမရုံး။ အဆုံးမလပ်။တံလုံးအပ်ရသော။ ဒြပ်အမေါ်။ တခေတ်လုံးကျော်ပါတဲ့။ စစ်ကဲတော်မင်း။အခင်းထင်လှ။မမရွှေပျော်။ မင်းကတော်ဟု။ ခေါ်သညာမွေး။ တဂုဏ်ပြေး၍။ယဉ်ကျေးဘွယ်ပ။ မိနှင့်ဘတို့က။အလှအချော။ ပြောမဆုံးအောင်။ညီနောင်သက်ဝေ။သါးမျက်ဖြေများကို။ဘောမေသဘော။ မနောအရှိ။ အခင်းကဝေးတာမို့။ အတွင်းဆွေးရိကြောင်းကို။ သိတ္တိုရန်ပြန်ဂဟာတ်နှင့်။ ဥာဏ်ကလါပ်စဉ်းလိုက်ပါသည့်အကြောင်းမှာ။ ။သောင်းတဏှာ။ဝတိန်ညှာသို့။ ရှိန်ဝါပျှံမွေး။ ဝေးသတင်းကြား။ တွေးစည်းစားလိုက်တော့။သားမြစ်ခင်း။မယွင်းမခြား။ ဗင်လားသည်။တိမ်သားတွေညို့။မှိုင်းမှိုင်းငယ်မို့လို့။မြို့တွင်းမြို့ပြင်။ ဝင်ထွက်မနား။ စက်ရထါးတွေနှင့်။အများမှိခို။ ဈေးကြိုဈေးကြား။အနီးအဝေး။သူဌေးကုန်သွယ်။ရုံးဝယ်လက်တင်။ စိရင်စိုးကွပ်။ လွှတ်အရာရှိ။ ဗိုက်ခါပွဲအောင်။တိုက်တာတွေရှိလိမ့်မယ်။မချိစိတ်နောက်။ ညနေချမ်းတိမ်မရမ်းတောက်တော့။ ၂ယောက်ကယ်သားလှ။စံခင်းလှည့်ပြီး။ရှုကြည့်ကြလိမ့်မထင့်။ အခွင့်တဘန်။ ခါတရံမတော့လဲ။ ပြန်ခြင်မရှိ။ သူ့ထက်ငါ။ သာအောင်လိုသာ။ ပညာကိုဖို၍မို့။စိတ်ရှိတိုင်းသင်ကြလိမ့်ထင့်။ဘခင်စိတ်တွေး။ မွေးသည်မာ

တာ။ စုံ၂ဖြာတို့က။ ခါခါတလွန်း။ တင့်ရှန်းယဉ်လှ။ အစ်မတသီး
အစ်ကိုကြီးနှင့်။ တနည်းတသွယ်။ နှမငယ်များကလဲ။ ပြင်ကျယ်
လဟာ။ ဧရာဝိုက်သန်း။ ကမ်းလည်းမမြင်။ လမ်းမထင်နှင့်။ ရေပြင်
ခြားဆွယ်။ ပင်လယ်ကာဆီး။ ခရီးဝေးကွာ။ သွားကြရှာသည်။
ခမျာညီနောင်။ ဘုန်းခေါင်နှစ်ပါး။ သနားစဘွယ်။- တအားငယ်
လိမ့်မယ်လို့။ သွယ်သွယ်ခွန်းသ။ ဆန္ဒမပြေ။ ရှိကြပေ၏။ အခြေ
သင့်လျော။ သို့သော မောင်ထွေး။ အရေးပြီးငြိမ်း။ မောင်ဘိုး
သိန်းနှင့်။ မရိမ်း သားချစ်။ မောင်ဘိုး မြစ်တို့မှာ။ စင်စစ် တိုး
ပွါး။ ရှေးမင်းများတို့။ မင်းသားတကာ။ စဉ်လာနှုန်းနည်း။ အပြီးဓမ္မ
လောကအကြောင်း။ ထုံးဟောင်းနိပါတ်။ ကလာပ်ဆန်းနည်း။
နိသျှည်းပါ။ အဋ္ဌာရသ။ သိပ္ပခေါင်ဖျား။ တရားလက်တင်။ စိရင်
ပိုင်သ။ အစိုးရအောင်။ မြကသိုဏ်းချီ။ မှိုင်းမှိုင်းငယ်ရှိသည်။ ဂန္ဓိ
သာရ။ တက္ကသိုလ်မှာ။ မိုဃ်းနိုကြတယ်။ မြတစင်နှင်း။ လှယည်
မင်းတို့မှာလဲ။ အခင်းသည်ပုံ။ အလုံးစုံကို။ အစုံမြင့်မြတ်။ ကျန်မ
တတ်က။ မနပ်မနူး၊ သူရူးအသွင်။ ငယ်ရွယ်စဉ်က။ မသင်မပြ။ မ
ဆုံးမမှု။ တနမသိ။ သတိကင်းဝေး။ အရေးမတွင်။ မဝင်မင်းနား။ ခ
စားမပိုင်။ မကပ်နိုင်၍။ ယိုင်သမ္ဘာမှေး။ ခိုင်မဟာသွေးတို့မှာ။ ရေ
ဝေးသည့်ကြာ။ ပဒုမ္မာသို့။ လူမှာဗာလ။ ခေါ်တွင်ကြ၏။ တကွစရ
ဝေး။ အရေးကိစ္စ။ အဝဝကို။ စ၍တဘန်။ ပြောကြပြန်လျှင်လဲ။
ဥာဏ်မလင်းခဲ့။ ခံတွင်းမဲ့၏။ ချိုတဲ့ပညာ။ မျက်နှာညှိုးချုံး။ နှုလုံး
ရှုံ့ဘိတ်။ အသံထိတ်၏။ မတိတ်ပိုကြွား။ ပြောပါများလည်း။ စ
ကားမစဉ်။ သဘင်မချီ။ ရယ်ဘွယ်သာရှိကြ၏။ ဆိုသလောက်
ဟာ။ တမျိုးမှာတော့လဲ။ ရာဇာဧကရာဇ်။ မင်းသားဖြစ်လည်း။ အ
နှစ်ပညာ။ မရှိပါက။ သဍ္ဍာရဝေ။ ရွှေပြတန်မြင့်။ ခုနစ်ဆင့်၌။ နေ
လင့်ကစား။ ပြာသာဒ်များဝယ်။ နားသည်ကျိုးမှု။ ပမာကြလိမ့်။
လှပပုံသွေး။ ပညာဝေးက။ အရေးနံ့ကင်း။ အဆင်းလှဆန်း။ လူ
ပေါက်ပန်းဟု။ လမ်းရှိအစဉ်။ ဆိုကြမည်မြင်သော်ကြောင့်။ တွင်
သမိုင်းကျော်။ ယဉ်အလှိုင်းမော်စေဘို့။ တော်ခံမဏ်။ ဇမ္ဗူပေါ်

မှာ။ဂေါ်မငြိုရအောင်။မဟိဒ္ဓိရှက်နွယ်။ ဇော်ဒြပ်မျက်ခြယ်တို့ကို။
မတွယ်ဘူးစိတ်ခဲ။ အနိုင်သာခွဲလို့မို့။သဲတသိမ့်သိမ့်။ကဲဖြိမ့်ဖြိမ့်
နှင့်။ ရဲဝတိန့်ဆွယ်။ ဘုံပြာသာဒ်မှာ။ ယုန်ရဟာတ် လယ်သလို။
သွယ်ဂရက်ပြောင်း။ဇောရှိန်၊ ငွေမါလိန်စက်မောင်းနှင့်။သောင်း
ပြတုညှာ။သမုလျှာများကို။ပညာအတတ်။ အရပ်ရပ်တွင်။နူးနပ်
လေအောင်။ယူဆောင်ခိုးသား။ ထားမြဲသေနတ်။ပုတ်ခတ်ရိုက်
နှက်။မလုယက်နိုင်သော။အနဿတန်ရှာ။ အသက်မှုစံရာသည့်။ပ
ထဗျာဉာဏ်ညွန့်ကို။ အငွန့်ရှည်စွာ။ ရစေရာဖြင့်။ ခြားကွာပြင်
ကျယ်။ပင်လယ်ကာဆီး။ လမ်းလည်းကွေ့လိမ်။ အရှိန်ထွန်းပ။မြ
တက္ကသိုလ်။ ပဟိုရ်ရိုက်ဖြိမ့်။ မြူခြေငယ်သွင်း။ ငွေနှင်းငယ်လှိမ့်
လို့။ဖိမ့်ဖိမ့်တုန်ဇေး။သိုက်မလုံသူတို့။ခိုက်ခိုက်တုန်ကွေးရှာကြ။အ
ရေးမခြား။ဗဂ်လားကို။ သွား၍မဆိုင်း။ သင်ပါချေခိုင်းရသည်။
တိုင်းနှင့်ဝေးကွာ။စံရာဌာန်။ မနီးကြသော်လဲ။စိတ်ကနွမ်းနယ်။
အလွမ်းသယ်လို့။ငယ်သဉ်ဆန္ဒ။မရှိကြနှင့်။ညီလှကပင်။အလွမ်း
ဆင်လျှင်။ ဘခင်ရင်သွေး။ အရေးမတိမ်း။ မေါင်ဘိုးသိန်းက။ မ
ရိမ်းချက်ခြင်း။စိတ်ကိုပင်တင်းရမည်။ အရှင်းမကွာ။တတ်ပညာ
ကိုသါ။သေချာစေ့စပ်။ကျန်နူးနပ်အေါင်။သါးမြတ်ညီနေါင်။ဘုန်း
ခေါင်ချစ်ဆွေ၊ဘေသက်ဝေတို့။အရှေ့မပြတ်၊သင်အံမှတ်တော့၊
နဝရတ်ချယ်။ ပုလဲ သွယ် တို့ကို။ ကိုယ်ဝယ် ကပ်ငြိ။ မြူမထိရ
အောင်။မုနိဘဂဝါ။စိန္တေယျာမှာ။မပါစေကြောင်း။အပေါင်းတ
ရ။ကောင်းစေမှုဖြင့်။ တောင်းဆုပတ္ထနာ။ လောင်းသမုဖြာကြ
သည်။သာယာ ရွှင်လန်း။မောင်တို့၏။ မေတ္တာပန်းကြောင့်လည်း။
မသန်းရောဂါ။လွန်ကျွန်းမာကြသည်။သို့ရာအကြောင်း။ကောင်း
စေအံ့ဌာ။လိမ္မာအရေး။မထွေးမလပ်။ကမ္ဘာတိုင်မှတ်စေဘို့၊ဒြပ်
အကျော်။ စစ်ကဲတော်ဟု။ခေါ်သတင်းကြေ။ မွေးဘမေတို့က။
ပြေတန့်နဝရတ်။ စိန်ပုလဲမြူ။ ဆွဲဒါယူတို့ကို။ လူတွင်ကမ်းခတ်။
ပညာတန်ခိုး။ ဘရိပ်ရာကို။ နှောင်ဆက်ခါစိုးရ အောင်။ အဘိုး
ထိုက်သါးနှစ်သွယ်တို့ကို။အဓိပ္ပါယ်ဉာဏ်ကလါပ်ကယ်နှင့်။ဖြန်

ဂဟာတ်စီးရေး၍။စာပေးကြားမှာလိုက်ပါသည့်မောင်တို့။

---

## အခဏ်း ၄။ မဓိက။မင်းလှမြို့သို့ပန်းတောင်းသော မေတ္တာစာ။

ဇဝနမင်္ဂိုဠ်။ သမယအတိတ်ဥာဏ်ဖြင့်။ သန္တာပြန်ရိုးညှောက် ပုလဲဥနှင်းပေါက်။ရဲရဲတောက်လျှံထိန်၊သဲသဲမေါက်အါလိန်။ရပ် မခြားမာဂိန်သို့။ဂဇာသိန်ထွန်းပ။ လွှမ်းစရာ့ဟောမဝန်။ ဘွေအ လွန်ထူးဆန်း။ကောသရာနတ်နန်းနှင့်။ ဒြပ်ဆန်းသီဟာ။ဇလပ်ပန်း ဇီဇဝါ။ ပန်းခတ္တာသောင်က။ စမွာယ်ပြူ ပေါ်စ။ မော်ဝနလှိုင်ဂူ။ ပျော်စရာ့မြိုင်ငှမှာ။ခိုင်မဥ္စ။ဂျက်ခွဲလို့။ အခွဲနဲ့ထွေရာ။ဘုံရဟာတ် စန္ဒါသည့်။မြန်းကြွလာအခိုက်။အဇတါတိမ်တိုက်က၊လွှတ်လိုက် သည့်အခါ။ ဇမ္ဗူ။ရဇာသိဂ်ါလို့။ တဇာန္တာရစ်ဆွယ်။ မြို့အသစ်ရွေ ဆယ်က။ အရွယ်ကို ထောက်စစ်လျှင်။ ၁ဂနှစ်မရှိ။ ချစ်ဆွေ ဟောင်းမဓိက။ အသိမှန်သက်သက်။ ကဝိဥာဏ်မထွက်ဘဲ။ အ အနဦးရောင်လျှံ။ ဘဂက်မှု ထောင်တန်အောင်။ ခေါင်နပန်ဖက် တွဲလို့။ ဝဲပျံသည်ဟာသ်ာ။ ၄က်ကရဝိက်ကြိုးကြာတို့။ သာယာ သည့်ဥပမာ။ကျွန်မ၏မေတ္တာကို။ စေတနာပျက်မယွင်းဘဲ။ အ နက်ကျဉ်းပြလိုက်ပါတော့မည်။ ။အလီလီထူးဆန်း။ဒန်းရွှေမြို့ နဂရာတွင်။ ဘုံသည္ဘမည်ဆို။အရိုးအိုမဘွား။ နှစ်ပါးစုံ ကြင် ဘက်။ မကွက်ကြစေတနာနှင့်။ မာပါစေဟောတ္တု။ သာပါစေ ဟောတ္တု။တအိမ်လုံးတရပ်လုံး။ ရှိသမျှသိမ်းကျုံး၍။အားလုံးကုန် ဟောတ္တု။ သဝေချာပွမ်းရ၍။ချုလုပ်ချရေး။ မနှေးလွယ်ကူ။ မှုအ ထက်ခါ။ကျွန်မ၏မာတာသည်။မင်္ဂလါတွင်ချို။ မင်းလှမြို့အောင် ချာက။ ပြန်လာသည်အခိုက်တွင်။ အလိုက်သင့်နွေဆုံ။ အရိုးအို နှင့်တွေ့ကြုံလျှင်။ရမ္မဏ္ဍသီတာမှာ။ မေခလာဆွေမယ်က။ ကယ် ဆယ်သည့်ကျေးဇူး။ နည်းသက်သေတဦးမှာ။ ပညာထူးမင်းမ

ဟော်။မတော်သည့်အရာကို၊ ဘွေ့ရှာ၍ဖျက်သောကြောင့်။ အသက်မှချမ်းသာသည့်။ မဟာရူဋ္ဌနီ။ အတည်တည် အထူးထူး။ ကျေးဇူးကိုရေးရလျှင်။ ရေးသူမှာမခက်။ ပက္ကူ၊ဘိုးဈေးတက်မည့်ကြောင့်။အချက်ကျသင့်ရုံ။ အပုံကြီးမဆို။တောင်မြင့်မိုရ်မကာ။ ကြွခဲ့ပါလိုက်ခဲ့ပါ။ တအိမ်လုံးမေတ္တာကြောင့်။ အရသာထမင်းမှာ။နတ်သုဒ္ဓါသွတ်သွင်းသလို။ကောင်းခြင်းနှင့်ပြည့်စုံ။ကျွေးမွေးသည့်ဥသံ၊ကို။ ပြေကုန်အောင်မဆပ်နိုင်။ ကျေးဇူးမိုးဝေလှိုင်သည်။ပုလဲနိုင်မြရှက်။ ဘော်ငွေသားအခက်နှင့်။အထက်ကသုဓမ္မာ။သာသလာယံအနီး၌။ငြိမ်းမြှင့်၍ပြုပြင်သော။ မာလာဥယျာဉ်ကပန်းကဲ့သို့။ ဆန်းကြယ်သောအထုံ။ဂန္ဓာရုံအခိုး။ အမျိုး၏မြတ်ခြင်း။ အဆင်းနှင့်ပြည့်ရှာ။ ဘန်ကောံမှဖြစ်လာသော။ ပန်းမဟာစမွယ်လို။ တကယ်ပင်ပေးမည်ဟုမနှေးအောင် စိမံသည့်တွင်။ ကျွန်မ၏ မိခင်က။ ယူငင်၍ မလာနိုင် သောကြောင့်။ ၎င်းဆန်းကြယ်။ပန်းစမွါယ်ကို။အလွယ်နှင့်မရရာ။ သို့ဖြစ်ပါ၍။ စေတနာတိုးပွါး။ကျေးဇူးထွေအလွန်များသော်လဲ။ခြားနား၍သဉ်စမွါယ်ကို။ လူကြုံဝယ်ကြည့်ရှု၍။ ကျေးဇူးပြုလိုက်ပါမည့် အကြောင်း။ စာပေး၍ကြားမှာလိုက်ပါသည်အရိုးအို။မဖွါးတို့ရှင်။

---

အခဏ်း ၅။မမိကရန်ကုန်မြို့နေ။မဘိန်းသို့ပေးမေတ္တာစာ။

ဘွေ့ဝသုံလွှာ။ငွေကြာဏ္ဍာ၌။ ပွေ့လှုံစွာပွက်။လှိုင်းဂရက်သို့။ ပိုင်းဖျက်ဥာဏ်ရောင်။ ဝရဇိန်မကာ။အရှိန်ပ။ မြတန်ဆောင်သို့။ ၎ောင်မပြကြင်း။ ဆန်းပေါ်လာ။ စန်းသော်တာ လင်းသည့်နှယ်။ ရှင်းအဓိပ္ပါယ်။ မှို့မို့ကသိုဏ်း။ ညို့ညို့မှိုင်းတဲ့။ တိုင်းရွှေဆယ်ဝယ်။ကြွယ်သမ္မာရှိ။မနေ့သကတ်။ပြောစမှတ်သို့။ ဇာဒြပ်မမိက။မဟိဒ္ဓိတံမြွာ။ကတ္တဒူလံပရာလို။ ပညာကိုဘော်ပြ၍။ဥါဏ်ဇဝနလင်းလိုက်ပါတော့မည်။ ။ဟံသာတိဂုံ၊ စံရာလှုံသဉ်။ မါန်ဟုန်မချို။ရွှေကုန်မြို့တွင်။လူတို့ဝေါဟာ။ မည်သညာဆန်း။စခန်း

ကျယ်စွာ။လမ်းဘွယ်ရာဌ်၊တေဇာမောက်မိ။သဏ္ဌါတချ။ပမာပြု
၍။တန္တုဆိုလျှင်။ ဟိုဝတိန်ညွှာ။ မိုဃ်းဇာနွှာဝယ်။ မဟာအယုဇ္ဈာ။
ပြာသာဒ်စွင့်စွင့်။ထပ်ထပ်ကယ်ဆင့်။မြင့်မာစာဟု။ ခွန်သဦးခိုင်
ဝတိန်တရိုး။အရှိန်တိုး၍။အစိုးပိုင်၊ကြိုင်နှင်းရေသင်း၊ ပေါ်ဟာန်တ
ခြား၊ ပျော်စံစါးတဲ့၊သိကြားမင်း၏၊သက်နှင်းကြင်ရာ၊နကိုပဝင်း၊
ကြော့ကြော့ငယ်ရှင်းတဲ့။မင်းသူဇါလို။မူရာတမျှ။ရှေးဘဝက၊ဒါ
နအတိတ်၊ အကြောင်း ဟိတ်ကြောင့်။ အရိပ်ထင်ပေါ်။ မင်းက
တော်၏။စံလှော်သက်လျှာ။ခြေံပြစ်ကင်းတဲ့။မင်းအမရာတို့နှင့်
ပမာမတိမ်း။သိင်္ဂါပပ။လိမ္မာလှတဲ့။မမသိန်းမှာ။မရိမ်းတွန့်လှစ်။
ကြက်သရေ။တက်နေလိုသစ်သမို့။ မြစ်အခြေလှုံ။မြို့ရွှေကျန်မှာ။
ငုံညွှာတန်ဆင့်။ကုဏ္ဍလာ။ပဒုမ္မာပွင့်သည့်နှယ်။ ခွင့်တရေးရ။မ
မျက်ပြေ။ရွှေဇမ္ဗူရစ်။သပြေငု။ ဘွေလုတို့ချစ်လှသည့်။နှစ်ဂမုံး
လှော်။အရောင်လသို့။မောင်ဘသော်၏။တော်ဝင်ဇနီး။ သွီးတမျှ။
ချစ်ချွေးမတို့နှင့်။တကွသိုက်မြိုက်။ စံတဆွေတို့မှာ။ တန်တပြေ
ထိုက်ပါငဲ့။ယှိုက်သတင်းလျှံ။ရှေးကုသိုလ်ရိပ်။ အကြောင်းဟိတ်
က။အတိတ်သန့်လွန်းလို့။ တဘန်လုံးလုံး။ကံစနှင့်စည်းစိမ်ကို။တ
ရှိန့်တည်းကျန်းရလျှင်။နှုန်းတဒိပါ။မိုးရထားတဲ့တရာနှင့်။အခါခါ
တိုက် သော်လဲ။ အလိုက် သင့်မကျန်၊ ဇောတိက ဘုန်းဝေ တို့။
ကြက်သရေပြည့်စုံသလို။ ဂဏ်အထူးရှိ။ ကြိုဘူးလျှင်သိပါလိမ့်။
မဟိဒ္ဓိဘွေ။တန်ခိုးသကတ်။အမျိုးမြတ်သဉ္ဇ။ နတ်တဆွေနှင့်။တွဲ
နေတူကွ။ကလျာဏတွင်။သဟါယဝင်သောကြောင့်။ချစ်ခင်ကြ
သည်။ကိစ္စရေးရာ။လိမ္မာသမှု။မကြီးပုမှာလဲ။ ယခုမှန်စွာ။ဥပမာ
မှါ၊မဟါဂါမိတ်။ပရောဟိတ်နှင့်။ရိပ်တထီးလျှာ။တဆွေသမှု။ရ
ဝေနုက၊ဩသုကာလို။စေတနါမျှ။နှစ်ကိုယ်တစိပ်။ပရောဟိတ်တို့
လို။မိတ်ဖြစ်ကြ၍၊တကွပြည့်စုံ။ တရံတခစ်။ ယမန်နှစ်က။သစ်
တွေ့ကြုံ။ဘုံရဝေဆန်း၊နန်းမြသခင်။ မဘုရင်ကို။ တသွင်တဦး။
ကျန်မမေ့။ ကြုံတွေ့ဘူး လျှင်ဘဲ။ မြိုးကြွအလျှံ။ ဆုလာဘ်ပင်မရ
ကတဲ့။ထူးမြတ်ကြမှန်သလို။ကံတန်ခိုးရှိ။ပပမရိမ်း။မမသိန်းကို။

မတိမ်းအောင်သိရသမို့။သတိမှန်စွာ။ကျွန်မမှာလဲ။သာယာရွှင်လန်း။ ခိုင်နှင်းရဉ်။ကြိုင်နှင်းဆီဖြန်းသဉ္စနှယ်။ပန်းကောင်းအသွင်။သို့ဖြစ်အင်ကြောင့်။ ဘဝင်စိတ်စော၊သဘောကြေလင်။ကျေးဇူးတင်၍။အသွင်တဖြာ။ရတနာခွဲ။ ကျော်ပုလဲတို့ကုံ။ တနုံ့တခြား။လက်ဆောင်ပင်ပါးသော်လည်း။ များသည့်အမှန်။ တရပ်ပြည်နိုင်ငံမှာ။တဖန်ကုန်သွယ်၊အပ်ရောင်းမည်လယ်သလို။မဖွယ်အရေး။ ဘဲ့ကလောက်လက်ဆောင်နှင့်။အံ့လောံအောင် ပေးသော်လဲ။ငွေမြေးသည်ဂုဏ်ရှင်မို့။ဘဝင်မပါ။ ဝမ်းမသာလှဘူး။သို့ရာအလျှင်။ နှိုင်းဆင်ခြင်က။ ကိုယ်တွင်လက်တန်း။ ကွက်ဆန်းတဖြာ။ဥါဏ်ရတနာကို"သဒ္ဒါလေခံမှု။လက်ဆောင်ပြုလျှင်။ယခုတအင်။ကောင်းမည်ထင်၍၊အသွင်မကွာ။သို့ခြင်းရာကြောင့်။ပညာတန်ခိုး။အဘိုးအနဂ္ဃ။နကိုမိုင်ပြန်။ကိုယ်တိုင်ကြံသဉ္စ။ဥာဏ်ဝဇနကိုးဟာသတပုံ။ ကာလဉာဏ်စုံစုံနှင့်။ တိဂုံမြို့နေရပ်။အံ့လောက်သည့်မိန်းမမြတ်ကို။ဝစနတ်အခွင့်။ ရှိန်အခြေမှာ။သိန်သရေတင့်တယ်အောင်။ နှုန်းဆင့်ခါလွှာသား၍။ အနုန်းပွင့်စာ ပါးလိုက်ပါသည်မိမိကြီးရှင့်။

---

## အခဏ်း ၄။ ပရိတ်ရွတ်ကြွရန်ဘိတ်စာ။

ကျွန်းမဏ္ဍလ။ထွန်းလျှံပ။မြဇမ္ဗူဒီ။နှစ်ထောင်မှန်စွန်း။ကါရံဝန်းတဲ့။ကျွန်းမဟီတွင်။ညွှန်းတည်သာစွာ့။ အတိတ်အရောင်။နိမိတ်ဆောင်တဲ့။တောင်ဒီပဝယ်။၌ါနချက်ကြွေ။ကြည်လင်တမျှ။စည်ပင်လှတဲ့။ရွာမမြေတွင်။ ချွေသတင်းညွှာ။ ရှေးကုသိုလ်စစ်။ အကြောင်းခေတ်ကြောင့်။ဖြစ်ကြလါ။နာမံတသီးကိုမောင်ကြီးက။သင်းသီးနှိုင်းယှဉ်။ ကြံဆင်ခြင်လျှင်။ မြင်မြင်သမျှ။ ပစ္စက္ခတွင်။ဘဝတာရှည်။ငွေမာလိန်မောင်း။ဒီရေချောင်း။စက်မောင်းလည်သို့။မတည်ခဏ။ဥပါဒ်ဌီဘင်။ဝိထိခွင်၌။စိတ်အစဉ်များလှ၍။ပွါးသမျှတဏှာ။တရားနှင့်ပယ်ခွါမှ။ ဒေသနာလမ်းကြောင်း။နောင်

အစည်ကောင်းမည်ဟု။အောံမေ့မိမ္ဘာန်။ရဉ်စိတ်သန်လျက်၊ညာ
တကာနံ့သင်္ဂဟော။ ထောက်ပံ့ခြင်း သဘောနှင့်။ သဒ္ဓါဇောဝိ
ဝန္နီ။သူငယ်၏မူလမှာ။ ပုဗ္ဗန္တအဟို။ ပြုခဲ့ရင်းဒါနက။အကြောင့်
ကြလိုသောကြောင့်။ ညိုမသာနွမ်းခွေ။ မောင်ဘာသစ် ဖြစ်တွေ့
မှာ။သရေကအတန်ညှိုး။မဖွယ်တမျှ။ အရွယ်သ။ ငယ်လှသည်
ဘတသိုးမို့။ ကြိုးစား၍အားထုတ်။ ညီချစ်လည်းဟုတ်ထာနှင့်။
ဥက္ကဋ္ဌအမှု။ .လောက၏ချမ်းသာကို။ ဥာဏ်ရှာ၍ပြုသော်လဲ။ ခ
ဘဝပစ္စက္ခာ။ကံရှိမှရမှာမို့။မြတ်ဓမ္မာကျသလ။ တရားနှင့်စောင်
မ၍။မောင်ဘာသစ်ညီငယ်ကို။ တာတွယ်ကာလွန်ချစ်သည်နှင့်။
နှစ်အရသာ။မြတ်ဗုဒ္ဓဒေသနာ၏။ သာသနာတွင်း။စရေးခြိုး။သုံ့မ
ကင်းအောင်။သွင်းမည်ကြံရည်။ သို့ဖြစ်သည်ကြောင့်။ရောသီနွေ
လ။ကျေးငှက်ညံညံ့။ မြို့တက်ကယ်ပျံ့။ ဂိမှန္တမို့။ရွက်လှဟောင်း
ကြွေ။ ရွက်သစ်ဖူးတဲ့။တန်ခူးနွေ။ ဆန်းထွေခါတက်။ ၁၅ ရက်
တွင်။အကွက်သမယ။အချိန်လှ၍။ ဒါတဗ္ဗဝတ္တ။ သံဃာတော်မ
ထေရ်လက်သို့။ကပ်ဆက်မဉ်အမှုကို။ပြုရစောင်မ။အောင်နိမိတ်
သံ။ဆောင်ဗိမာန်။ နောင်နိဗ္ဗာန်တွေပေမည့်။ ဦးစံလှကျောင်းတ
ကါနှင့်၊လှူသဒ္ဓါထက်စင်။ဦးရွှေကောင်းဒါနရှင်တို့က၊ဘဝင်စိတ်
မှန်း။ မင်္ဂလိမ်လမ်းမိ။ဆွတ်ဖြန်း ခေါင်မော်။ ထူးသမ္ဘာဟိတ်။
ကြူးကာနှိပ်တဲ့။ပရိတ်တော်ကို။ မြွက်ဖေါ် သာယာ။ ကြားသမျှ
သောတာမှာ။ငွမ်းဆီးကျပမာလို။စေတနာလော်လုံ။ ရွှတ်ဘတ်
သူအစုံနှင့်။ ထုံဂန္ဓညွန်းချွေ။ ယုန်စန္ဒ ကွန်းဘွေ။ ငွေသော်တာ
ဆန်းတက်၊တန်ခူးလ ၁၃ ရက်တွင်။ သမင်္ဂဗိုလ်ပါ။ဘောသိသာ
များစွာနှင့်။ကျောင်းတကာဦးရွှေကောင်း။ငင်းပြင်။ဦးစံလှတို့က။
မြွက်ဟန္နီးဆော်။အပါခေါ်၍။သောင်းမော်တကာယ်။ ကျွတ်ဆုံး
သမိုက်။လွှတ်ရုံးစိုက်တဲ့။တိုက်ရွှေဆယ်ကို။မိပ္ပါယ်တသ။ ရွှတ်
ခါပြုရအောင်။ကြွရောက်တော်မူပါမည့်အကြောင်းကို၊ ရှိသေ
စွာစိတ်ထား၍ ဘိတ်ကြား အစီရင် ခံလိုက် ပါသည် ခင်ဗျာ။
ကျောင်းတကာ။

ဘယ်အကြောင်း ကြောင့်မှ။ဘိနပ် မစီးကောင်းသည်သာ။ သို့ပါလျက်ကို တိဂုမ္ဘ စေတီ တော်ကြီး၏ တံတိုင်းအတွင်း။ ပဒ်ဘောဂတိုက်၊ ဘိလပ်မြေအင်္ဂတေတို့ဖြင့်။ အပြေ့အ ပြစ်ချောမောစွာပြုသော။တမန်တလင်းပေါ်တွင်။ အရှင်ဥက္ကံဝံသမာလာမထေရ်ကြီး။ တုံ့ခေါက်လူးလာ။ဘိနပ်စီးသောအချော်သည်။ ဤမျှလောက်သောမူလသိက္ခာပါဋ္ဌကိုမသိမမြင်၍၊ ဘိနပ်စီးသည်မဟုတ်။ သိမြင်တော်မူလိမ့်မည်သာ။ထိုသို့ပဒိကမ္ဘကာဟ ဘုမ်အဏ္ဏမနဒုက္ကနှိအာပတ်သင့်မည်ကိုသိမြင်တော်မူလျက်။ဘိနပ်စီးခြင်းသည်ကား။ နိဗ္ဗာန်ကကြူးလျှင်။ ဖြူးမြို့သို့ရောက်သည်။ဆိုကြသည့်စကား။လောကဝေါဟာရများကဲ့သို့။စာတတ်ကြူး၍။ဖြူးမြို့သို့ရေခံတော်မူဟန်ရှိသည်ဟု။ယုတ္တာယုတ္တိဆင်ခြင်စဉ်းစားဘွယ်ရောက်သည်။ ။ဝမ်းဘဲဟသာ။ချောင်းကိုပစ်၍မြစ်မှာရှာ။ ရေသာများ၍ ငါးမတွေ့ဆိုသော စကားကဲ့သို့။ ကျမ်းငယ်ကိုပစ်၍။ ကျမ်းကြီးကျမ်းခိုင်တို့၌ရှာသော်လည်း။ ဆိုခါစကားသာများ၍။လိုရင်းမတွေ့ဖြစ်ကတ်သည်။

ဤတွင်၍ကား။ဗုဒ္ဓသရိက္ခစာတန်းကို။ယုတ္တာယုတ္တိဆင်ခြင်သောစကားတရပ်အပြီးသတ်တည်း။

---

ဦးစန္ဒိမာအရှင်စီရင်တော်မူသောသတ္တုဂါရဝ စာတန်း၌ကား။ ။စေတိယင်္ဂဏေတိ။ဂန္ဓပုပ္ဖါဒိဟိပူဇနဋ္ဌာနဘူတေစေတိယင်္ဂဏေ။ ။သုသမ္မဋ္ဌလက္ခန်ဒိကာဟောင်းပါ၌။ ။စေတိယင်္ဂဏေတိ။ဂန္ဓပုပ္ဖါဒိဟိ။ပူဇနဋ္ဌာနဘူတေ။ စေတိယသဘူမိတလေ။ ။သုသမ္မဋ္ဌလက္ခန်ဒိကာသစ်ပါ၌။ ။ဤဒီကာဟောင်းဒီကာသစ်ပါ၌ဖြင့်။ မြတ်စွာဘုရား ပရိဘောဂ စေတီ၏အပါး။အရပ်တွင်းသို့သွား၍။ ဘုရားအားနံ့သာပန်းစသည်။ ပူဇော်ကြကုန်သော။ ဒါယကာဒါယကာမတို့။ ဦးချရှိသေစွာ။ ရှိခိုးပူဇော်သောနေရာဋ္ဌာနကိုသာ။စေတီယင်္ဂဏ။စေတီယင်ဟု မှတ်ယူရ

မည်။ ဘုရားဘိနပ်တော်ပန်းတင်ခုံ အပြင်ကို။ စေတီယင်ခေါ်
သည်ဟုမမှတ်ရာ။ မမှတ်မယူလင့်။ စိရင်ရေးသား မှားကြား
တော်မူခြင်းသည်။ ဥက္ကံဝံသမာလာမဟာထေရ်ကြီးစိရင်းရေး
သားသော။ ဗုဒ္ဓသရိက္ခစာတန်းနှိက်။ နံ့သာပန်းစသည်တို့ဖြင့်
တင်လှူပူဇော်ရာ။ ဘိနပ်အကျည်ပန်းတင်ခုံကို။ စေတီယင်္ဂဏ။
စေတီယင်ခေါ်သည်ဟုစိရင်ရေးသားသည့်အတိုင်း မမှတ်ရာ။
မမှတ်မယူလင့်ဟု။ ဗုဒ္ဓသရိက္ခ စာတန်းကို ပယ်၍။ စိရင်ရေး
သားမှားကြားတော်မူရေရောက်သည်။ထိုဦးစန္ဒိမာအရှင်သည်။
မိမိစိရင်ရေးသား မှားကြားသောစကားကို။ မြဲစွဲယုံကြည် အ
တည်ပြုလိုသောကြောင့်။ ဋီကာဆရာသည်။ စေတီ ယင်္ဂဏော
တိ။ ဂန္ဓပုပ္ဖါဒိဟိပူဇနဋ္ဌာနဘူတော။ ဟုသာမည်ဆိုခဲ့က။ မထင်မ
ရှား။မကွဲပြားဘဲ။ တွေးတောယုံမှားဘွယ်သာ။ သက်ရှိသည်
ကို။မဖြစ်စေလိုသောကြောင့်။လှူဒါန်းပူဇော်ခြင်းဌာခန်သောအ
ရပ်နှိက်။နေကုန်သောသူတို့သည်။နေရာစိရင်။ မြေညီရာအပြင်
ကို။စေတီယင်ဟုယူစေတော်မူလိုသောကြောင့်။ စေတီယံသာ
ဘူမိတလေ။ဟူသောပါဠ္ဌိကို။ထပ်၍တဘန်။ဘွင့်ပြတော် မူပြန်
သည်ဟူ၍ငှင်း။ဘိနပ်တော်ပန်းတင်သောအပြင်ကို။ စေတီယင်
ဟုဋီကာရှင်ဆရာမြတ်တို့။ယူလိုလတ်သည်ဖြစ်ခဲ့အံ့။ဤသို့သော
အဓိပ္ပါယ်ကို။ အကျယ်ဝိတ္ထာရဘွင့်ပြတော်မမူရာ။ စေတီယင်္ဂ
ဏောတိ။စေတိယေယေဝ၊ဟူ၍သာ။စေတီယင်ဟူသည်။စေတီ
ကိုပင်ဆိုလိုသည်။အင်္ဂဏသဒ္ဒါအတွက်ကြောင့်။အနက်အဓိပ္ပါယ်
မခြားမနားဟု။ အကျည်းအားဖြင့်။ ဘွင့်ပြ ရေးသားတော်မူရာ
၏။ ထိုသို့ဘွင့်ပြတော်မမူရာရကား။ ယခင်ငါဆိုခဲ့သောစကား
နှင့်။ ဋီကာရှင်နှစ်ပါးတို့၏အလိုသည်။ ဂင်္ဂါရေနှင့်။ ယမုနာရေ
နှစ်ပါးကို။ မကွဲမပြား။ခွဲခြား၍ မရဘိသကဲ့သို့။ သင့်တင့် ညီ
ညွတ် လှသည်ဟူ၍ရင်း။ ထိုမှတပါး။ များစွာပါဠ္ဌိ အဋ္ဌကထာ
ဋီကာ အစောင်စောင်တို့ကို အားကိုး အားထားပြု၍။စိရင်ရေး
သားတော်မူခြင်းသည်။ ဒုဋ္ဌကုမာရမင်းသား။ တမာပင် ငယ်

ကို။ အမြစ်အရင်းပါနှုတ်၍။ ဆုတ်ဖြတ်ပယ်သကဲ့သို့။ ဗုဒ္ဓသရိက္ခ
စာတန်းကို အမြစ်အရင်းပါနှုတ်၍။ ဆုတ်ဖြတ်ပယ်သည်နှင့် တူ
ချေသည်။ဒုမ္မကုမာရမင်းသား၏အကြောင်းကား။ ။လူသုံး
ပါးတို့၏။ ပစ္စုပ္ပန်မြားမျက်ရစ်ဖြစ်တော်မူသော မြတ်စွာ ဘုရား
သည်။ဝေသာလီပြည်ကိုအမှီပြု၍။မဟာဝုန်တွင်။ကူဋာဂါရသာ
လန္တိုက်။ နေတော်မူစည်။ ထိုဝေသာလီပြည်သည်။ ဘုရားဖြစ်
တော်မူသောကာလန္တိုက်။ အလွန်ပြန့်ပြောစည်ပင်သည်ဖြစ်၍။
ခုနစ်ထောင့်ခုနစ်ရာ့ခုနစ်ယောက်သောမင်းတို့။ အတိုင်းအရှည်
ရှိသော။ အိမ်ရှေ့မင်း။စစ်သူကြီး။ဘဏ္ဍာစိုး။ ခုနစ်ထောင့်ခုနစ်
ရာ့။ ခုနစ်ဆောင်သော ပြာသာဒ်တို့မှ။ အတိုင်းအရှည် ရှိသော
ကူဋာဂါရ။ ထိုမျှအတိုင်းအရှည်ရှိသော ဥယျာဉ်ရေကန်တို့ဖြင့်
တင့်တယ်၏။ဤသို့ပြန့်ပြောစည်ပင်သောမင်းအပေါင်းတို့တွင်။
ဒုမ္မကုမာရ အမည်ရှိသော။ လိစ္ဆဝိမင်းသား တယောက်။ အ
မျက်ကြီးသည်။ ကြမ်းကြုတ်ခက်ထန်သည်။ အနိုင် အထက်ပြု
တတ်သည်ဖြစ်၍။ လှံကန် ခတ်မိသောမြွေဟောက်ကဲ့သို့။လျှင်
သော အမျက်ကြောင့်။ ထိုမင်းသား ရှေးနှိုက်။ တခွန်း နှစ်ခွန်း
သောစကားကိုမျှ။ ဆိုခြင်းငှာ စွမ်းနိုင်သောသူမရှိ။ မယ်တော်
ခမည်းတော်။ဆွေညာတကာ။ အဆွေခင်ပွန်းအစရှိသောသူတို့
သည်။ မဆုံးမနိုင်သည်ဖြစ်၍။ ဤသူသည်။ဗုဒ္ဓဝေဘေယျ ဖြစ်
မည်ဟု။ မယ်တော် ခမည်းတော်တို့သည်။ မြတ်စွာဘုရားအ
ထံတော်သို့သွေးဆောင်၍။ မင်းသားအကြောင်းကိုပြန်၍။ ဆုံးမ
တော်မူပါဟုလျှောက်သည်ရှိသော်။ အဘယ်ကြောင့်မင်းသား။ဤ
သို့သဘောရှိသည်ဖြစ်ဘိသနည်း။ကြမ်းကြုတ်ခက်ထန်။စောင်း
မာန်ရှိသည်။ အနိုင်အထက် ပြုတတ်သည်။ ညှဉ်းဆဲ ကလူမှု
တတ်သည်မဖြစ်ရာ။ကြမ်းကြုတ်သောစကားကို။ဆိုတတ်သော
သူသည်။ ချစ်စေတတ်သော။အမိ။အဘ။မယား။ ညီအစ်ကို။နှမ
သားချင်း။ဆွေမျိုးညာတကာ။ အဆွေခင်ပွန်းတို့သည်။ မချစ်မ
နှစ်လို အပ်သည်ဖြစ်၍။ ခဲခြင်းငှာလာသောမြွေ။ တောအုပ်နှိုက်

ထသောခိုးသူ။စားခြင်းငှါလာသောဘီလူးကဲ့သို့။ ထိတ်လန့်စေခြင်းကိုဖြစ်စေလျက်။နှစ်ချက်မြောက်သောစိတ်၏ အကြမ်နှိုက်ငရဲအစရှိသည့်တို့ကို ဖြစ်စေ၏။ မျက်မှောက်သောကိုယ်၏ အဖြစ်နှိုက်လည်း။ အမျက်ကြီးသောသူသည်။ လိမ်းကျံသုတ်သင်တန်းဆာဆင်သော်လည်း။ မလှသော အဆင်းရှိသည်သာ ဖြစ်၏။ လပြည့်ဝန်းနှင့်တူသော။ အသရေရှိသောမျက်နှာလည်း။ မီးလျှံနှင့်တွေ့သော။ ကြာပဒုမ္မာကဲ့သို့။ အညစ်အကြေး။ မြွေးရှက်သော။ ရွှေကြေးမှုံ့ကဲ့သို့၊ မလှသောအဆင်းရှိသည်ဖြစ်၍။ထားလက်နက်ဖြင့်။ မိမိကိုယ်ကိုပင် သော်လည်း သတ်၏။ အဆိပ်စား၍သေခြင်း။ကြိုးဆွဲချ၍သေခြင်း။ဤသို့သောအခြင်းအရာဖြင့်။ သေသောသူသည်လည်း။ငရဲအစရှိသည့်တို့နှိုက်ဖြစ်၍။ တဘန်လူဖြစ်ပြန်သော်လည်း။ ဘွားသောအခါမှစ၍။ များစွာသော အနာရှိသည်သာဖြစ်၏။ ထို့ကြောင့်။ အလုံးစုံသော သတ္တဝါတို့၌။ မေတ္တာစိတ်ရှိသည်။အစီးအပွါးနှင့် စပ်သောစိတ်ရှိသည်ဖြစ်၍ ကျင့်ရမည်။ဤသို့အစရှိသော။ ဆုံးမတော်မူခြင်းကိုကြားလျှင်။ တကြိမ်တည်းသော ဆုံးမခြင်းဖြင့်။ ချအပ်သောစောင်းမာန်ရှိသည်။ အရိုင်းအမြဲရှိသည်။မေတ္တာစိတ်ရှိသည်။နူးညံ့သောစိတ်ရှိသည်ဖြစ်၍၊သူတထူးတို့ ဆဲရေးပုတ်ခတ်သော်လည်း။ပြန်၍မကြည့်အစွယ်ချိုးသောမြွေ။လက်မပြတ်သောပုဇွန်။ဦးချိုကျိုးသောနွားလားကဲ့သို့ဖြစ်၍။ အလွန်ယဉ်ကျေးသဖြင့်ထိုမင်းသားကိုအကြောင်းပြု၍ ဖြစ်သော စကားစပ်တွင်။ အတိတ်ကို ဆောင်၍ ဟောတော်မူသည်။

လွန်လေပြီးသောအခါ။ ဗာရာဏသီပြည်ကို။ ဗြဟ္မဒတ်မင်းကြီး။မင်းပြုသည်ရှိသော်။ငါဘုရားအလောင်းသည်။ဥဒိစ္စပုဏ္ဏားအမျိုး၌ဖြစ်၍။ရသေ့ရဟန်းပြုသဖြင့်။အဘိညာဏ်သမာပတ်ကို ရပြီးသော်။ ဟိမဝန္တာမှာနေသည်။ချဉ်ဆားမှီးခြင်းငှါ။ လူ့ပြည်သို့ သက်၍။ဗာရာဏသီပြည်သို့ရောက်လျှင်။မင်း၏ဥယျာဉ်၌နေ၍။

ရိုးသောံလျှင်။ပြည့်စုံသောအသွင်ဖြင့်။ဆွမ်းခံဝင်သည်ကို။လေသွန်နန်းဖြင့်ကြည့်သော်။မင်းကြီးမြင်လျှင်။ ဤရသေ့ကိုယ်တွင်း၌။ သိမ်မွေ့သောတရားတို့သည်။ ဖြစ်ရာ၏ဟု။ ဣရိယာပုထ်၌ကြည်ညိုသဖြင့်။အမတ်တယောံကို။ပင့်ချေစေသဉ်ရှိသော်။ငါမင်း၏ဆရာမဟုတ်ဟုဆိုသောကြောင့်။ မင်းကြီးအားကြားပြန်သဉ်ကို။ငါတွင်ဆရာတပါးမရှိ။ပင့်ခဲ့တော့ဟုဆို၍။ထီးဖြူအောံတွင်။ရဇပလ္လင်၌နေစေလျက်။ မင်းကြီးစားတော်ဖြင့်လုပ်ကျွေး၍။ ဉယျာဉ်၌နေစိမ့်သောငှာတောင်းပန်၍။ တနေ့သုံးကြိမ်ဆွမ်းကပ်၍။ ပဗ္ဗုပြန်ဝထ္ထု၌ဆိုသောနည်းဖြင့်။ ကြမ်းကြုတ်ခက်ထန်သော။ဒုဋ္ဌကုမာရအမည်ရှိသောသားတော်ကို။ဆုံးမစိမ့်သောငှာ။ အပ်နှင်းသည်ရှိသော်။ ဘုရားအလောင်းရသေ့သည်။မင်းသားကိုခေါ်၍။ ဉယျာဉ်၌လှည့်ပတ်ခြင်းဖြင့်။ ဆုံးမကြောင်းကိုရှာရာတွင်။အရွက်တဘက်တချပ်သာရှိ၍။ပေါက်သစ်သောတမာပင်ငယ်ကိုမြင်လျှင်။မင်းသား။ဤသစ်ရွက်စား၍။အရသာကိုသိအောံင်ပြုဘိဟုဆိုလျှင်။ တချပ်သော သစ်ရွက်ကို ဆွတ်၍။ကိုက်စားသည်ရှိသော်။ ခါးလှသောကြောင့်ထွေးပြန်သည်ကို။အဘယ်ကြောင့်ထွေးသနည်းဟု။ ဘုရားအလောင်း ရသေ့မေးသဖြင့်။ အကြောင်းကိုပြန်လိုသောကြောင့်။ ။ဧကပဏ္ဏောအယံရုက္ခော။နဘူမာစတုရင်္ဂုလော။ရသေနဝိသကပ္ပေန။မဟာယံကိံဘဝိဿတိ။ ။အနက်ယောဇနာကား။ ။ဧကပဏ္ဏော။အရွက် တဆင့်သာရှိသော။ ဘူမာ။ မြေမှ။နစတုရင်္ဂုလော။လက် ၄ သစ်မျှမကွာသေးသော။ အယံရုက္ခော၊ ဤသစ်ပင်ငယ်သည်။ ဝိသကပ္ပေန။အဆိပ်၏အစွယ်နှင့်တူသော။ရသေန။ အရသာနှင့်။သမ္ပန္နာဂတော။ပြည့်စုံ၏။အယံ။ဤသစ်ပင်သဉ်လည်း။ မဟာ။ကြီးသည်ရှိသော်။ ကိံဘဝိဿတိ။အသို့ဖြစ်လတံ့နည်း။ ဤဂါထါဖြင့်ထွေးပစ်ကြောင်းနှင့်တကွ။ သစ်ပင်ငယ်ကိုအပြစ်ဆို၍။အမြစ်အရင်းမကြွင်းအောံ နှုတ်လျက်။ ဆွတ်ဖြတ်၍ပစ်သည်။ ဤသစ်ပင်ပွါးခြင်းသို့ရောက်သည်ဖြစ်၍။ ကြီးသို့လျှင်ခေါ်သည်။ [illegible]

၄၉၇၂

... ၆၁၁

မလွဲလူတို့ကိုသတ်သည်ဖြစ်လတံ့။ ထို့ကြောင့်။ထိုသစ်ပင်ကို။ တပည့်တော်နုတ်ခါနှိပ်နယ်၍။စွန့်ပယ်ပေသည်ဟုလျှောက်၏။

ထိုအခါ။မင်းသားကို။ဘုရားအလောင်းက။ဤသို့မိန့်ဆို၏။အမောင်မင်းသား။ သင်တို့သည်ကား။ ဤတမာပင်ကို။ဤသစ်ပင်ငယ်သည်။ယခုအခါကပင်။သို့စဉ်ခါး၏။ ကြီးမားသောအခါ။အဘယ်မှာလျှင်။ဤသစ်ပင်ငယ်ကိုမှီ၍။ အစီးအပွါးများနိုင်အံ့နည်းဟုဆို၍။နုတ်ခါနယ်၍။စွန့်ပယ်ဘိ၏။သင်မင်းသါးသည်။ဤတမါပင်ငယ်ကျင့်သကဲ့သို့။ဤအတူသါ။သင့်ကိုလည်း။ပြည်တိုင်းကား၌။နေသောသူတို့က။ ဤမင်းသားသည်။ ငယ်သောအခါကပင်လျှင်။ဤသို့ကြမ်းထမ်း၏။ ကြီးသောအခါ၌။မင်းအဖြစ်သို့ရောက်သည့်ရှိသော်။ အသို့ပြုနိုင်လတံ့နည်း။ အဘယ်မှာ ငါတို့အားဤမင်းသားကိုမှီ၍စီးပွါးချမ်းသာရှိနိုင်ပါအံ့နည်း။ ဤသို့ဆို၍။ သင်၏အဘအမွေဖြစ်သော။ မင်း၏အဖြစ်ကိုမပေးမူ၍။ ဤတမာပင်ငယ်ကို။ သင်နုတ်သကဲ့သို့။သင့်ကိုနုတ်ပစ်၍။ တိုင်းနိုင်ငံမှ။နှင်ထုတ်သော အမှုကိုပြုကုန်လတံ့။ ထို့ကြောင့်။ တမာပင်နှင့်တူသည်မဖြစ်လင့်။ ဤအခါမှစ၍။ သည်းခံခြင်းနှင့် ပြည့်စုံသည်။ဖြစ်စေလောဟုဆုံးမတော်မူ၏။မင်းသါးသည်ဆုံးမသောအခါမှစ၍။ချသောမာန်ရှိသည်။ ယစ်သောမာန်မာနကင်းသည်။ခန္တီမေတ္တာကရုဏာနှင့် ပြည့်စုံသည်ဖြစ်၍။ ဘုရားလောင်း၏ဆုံးမသြဝါဒ၌တည်၍။ အဘလွန်သဖြင့်။ မင်းအဖြစ်သို့ရောက်၍။ဒါနအစရှိသောကောင်းမှုတို့ကိုပြု၍။ ကံအားလျော်စွာ။နတ်ရွာသုဂတိစသောဘဝသို့ရောက်လေ၏။

ဤဒေသနာတော်ကို ဆောင်တော်မူ၍။ ယခုမှသာငါဆုံးမသည်မဟုတ်။ရှေးကလည်းငါဆုံးမဘူး၏ဟုမိန့်တော်မူ၍။ ဇာတ်တော်ကို ပေါင်းတော်မူသည်ကား။ ဗာရာဏသီမင်းသားငယ်ကား။ယခုလိစ္ဆဝိဒုဋ္ဌကုမာရမင်းသား။ အဘဗြဟ္မဒတ်မင်းကါး။အါနန္ဒါ။ရသေ့ကါး။ငါဘုရားဖြစ်လါ၏ဟု။ဇါတ်တော်ကိုပေါင်းခြင်းရှိသော။ဧကပဏ္ဏိကဇာတ်တေါ်ကိုထောက်၍သိရာ၏။

ဤဇာတ်နှင့်ဟပ်ရန်မှာ။ အရှည် ၆ လက်မ။ တမတ်။ အနံ ၅ လက်မ။တမတ်။နံပါတ် ၁၆ သာရှိသော။ ဤဗုဒ္ဓသရိက္ခစာတန်း စာအုပ်ငယ်သည်။ကာလရှည်လျားသဖြင့်။ တိဂုမ္ဘစေတီတော် ကြီး၏။ တံတိုင်းအတွင်း၌။ ဘိနပ်စီးကောင်း၏ဟူသောစကား။ ကြီးပွါးခဲ့သည်ရှိသော်။ ဤစာအုပ်ငယ်ကိုယုံကြည်၍။ ဘိနပ်စီး သောသူတို့၌။အကျိုးစီးပွါးများရန်မရှိ။မချွတ်မလွဲ။ ထိုသူတို့ကို သတ်သောအဆိပ်ကဲ့သို့။မမြတ်သော အကျိုးကိုသာပေးလတ္တံ့ ဟု။ တမလွန်လောကနောင်ဘဝ၌ ခံရလတ္တံ့သောအဖြစ်။ ယခု ပစ္စက္ခ။ပစ္စုပ္ပန်ဘဝ၌ ဒိဋ္ဌဓမ္မအဖြစ်ခံရသောအဖြစ်ကို။ သတ္ထုဂါ ရဝစာတန်း၌။ ကျမ်းအစောင်စောင်မှထုတ်ဆောင်၍ ပြသည်။ ယင်းသို့ဖြစ်၍။ဤဗုဒ္ဓသရိက္ခစာတန်းသည်တမာပင်နှင့်တူသည်။ တမာပင်ငယ်ကို။ ဒုဋ္ဌကုမာရမင်းသား။ အမြစ်အရင်း မကြွင်း အောင်နုတ်လျက်။ဆုတ်ဖြတ်ပစ်သကဲ့သို့။ များစွာသောရဟန်း ရှင်လူတို့လည်း။ ဤစာအုပ်ကိုဆုတ်ဖြတ်၍ပစ်မလော်ပင်။မနှစ် သက်ကြသည်ဖြစ်၍။ဦးစန္ဒိမာအရှင်သတ္ထုဂါရဝစာတန်းကိုစီ ရင်၍။ဗုဒ္ဓသရိက္ခစာတန်းကို။ အမြစ်အရင်းမကြွင်းရအောင်နုတ် လျက်။ဆုတ်ဖြတ်၍ပစ်ရာရောက်ပေသည်။ ။ယင်းသို့ဆိုခဲ့ပြီး သောသုသာဝိလက္ခန် ငိုကာပေါင်းငိုကာသစ်တို့၌လာရှိသော။ စေတီယင်္ဂဏစကားကိုစွဲမှီ၍။ သတ္ထုဂါရဝစာတန်း၌ကား။ မ ဟာရာမ်တံတိုင်းစသော။ အကာအရံကိုပင်။စေတီ၏ဥပစာရ။ စေတီယင်္ဂဏ။စေတီယင်ဟုမှတ်။ ဤသို့ဆုံးဖြတ်ပြန်ရကား။ထို သတ္ထုဂါရဝစာတန်းကိုစီရင်ရေးသားတော်မူသော။ဦးစန္ဒိမာ အရှင်၏စကားလည်းသင့်သကဲ့သို့ပင်။ အကြောင်း၏အရိပ်ထင် သည်။

ဤတွင်၍ကား။ဦးစန္ဒိမာအရှင်စီရင်သော။ သတ္ထုဂါရဝစာ တန်း၏သဘောကို။ တွေးတောဆင်ခြင်သော စကားတရပ်အ ပြီးသတ်တည်း။

ဥက္ကံဝံသမာလာမထေရ်ကြီး စီရင် ရေးသားတော်မူသော ဗုဒ္ဓသရိက္ခ စာတန်း။ ဦးစန္ဒိမာအရှင် စီရင် ရေးသားတော်မူသော။သတ္တုဂါရဝစာတန်း။ဤစာတန်းနှစ်ရပ်တို့၏။အပ်မအပ်။ သင့်မသင့်ကို။ထောက်ချင့်ဆင်ခြင်လျှင်။

စေတိယင်္ဂဏေတိ။ ဂန္ဓပုပ္ဖါဒီဟိ။ ပူဇနဋ္ဌာနဘူတေ။ စေတိယင်္ဂဏေ။ ။သုသာဓိလက္ခန်ဋီကာပေါင်းပါဌ်။ ။စေတိယင်္ဂဏေတိ။ ဂန္ဓပုပ္ဖါဒီဟိ။ ပူဇနဋ္ဌာနဘူတေ။ စေတိယသာဘူမိတလေ။ ။သုသာဓိလက္ခန်ဋီကာသစ်ပါဌ်။ ။ဤဋီကာပေါင်း ဋီကာသစ်၌ လာသော။ စကားနှစ်ရပ်။ ပါဌ်ပါဌ်ချင်း တူကြပါ လျက်။အယူအကောက်ခြင်းကွဲ၍။အဓိပ္ပါယ်လွဲကြသဖြင့်။ဘိနပ် အကျည်ပန်းတင်ခုံကို။စေတိယင်္ဂဏခေါ်သည်။ စေတီတော်၏ ဥပစာဖြစ်သော တံတိုင်းအတွင်းကို။ စေတိယင်္ဂဏခေါ်သည်။ အကြောင်း ယုတ္တာယုတ္တိရှာ၍ ရေးတော်မူကြသောအရာကို။ ဋီကာဆရာတို့နည်းကိုယူ၍ ကောက်လျှင်။ ။တံယုတ္တံ ဝိယ ဒိဿတိ။ဝိမံသိတွာဂဟေတဗ္ဗံ။ ။အနက်ယောဇနာကား။ ။ တံ။ ထိုဘိနပ်အကျည်ပန်းတင်ခုံကို။စေတိယင်္ဂဏခေါ်သောစ ကား။စေတီ၏ဥပစာဖြစ်သောတံတိုင်းအတွင်းကို။ စေတိယင်္ဂဏဟုခေါ်သောစကားနှစ်ရပ်သည်။ ယုတ္တံဝိယ။ သင့်သကဲ့သို့။ ဒိဿတိ။ထင်၏။ဝိမံသိတွာ။ ပညာဖြင့်စူးစမ်းဆင်ခြင်၍။ ဂဟေ တဗ္ဗံ။ယူအပ်၏။

ဤသို့လျှင် စကားနှစ်ရပ်လုံးပင်။ သင့်သကဲ့သို့ ထင်သည်။ ပညာဖြင့်စုံစမ်းဆင်ခြင်၍ ယူကြလေဟု။ကောက်ယူ ဆုံးဖြတ် အပြီးသတ်လိုက်လျှင်။ မတတ်မလိမ္မာ။ပညာဖြင့် မစုံစမ်းမဆင် ခြင်နိုင်၍။ တောင်းပန် ပါလျက်။ ကွဲပြားအောင် မဆုံးဖြတ်။ အ ကတ်ကိုင်၍ ဆုံးဖြတ်သည်ဆိုလိမ့်မည်။စကားရင်း။အကွင်းအ ကွက်မြင်၍။စေတီတော်၏ အချဉ်တံတိုင်းအတွင်းနှိုက်။ ဘိနပ်စီး အပ်သည်ဟု။ဗုဒ္ဓသရိက္ခစာတန်းကိုစီရင်တော်မူသော။ ဥက္ကံဝံ မာလာမထေရ်ကြီး၏အယူကပ္ပိယဝါဒ။ စေတီတော်၏အချဉ်တံ

တိုင်းအတွင်းနှိုက်။ဘိနပ်မစီးအပ်ဟု။ သတ္ထုဂါရဝစာတမ်းကို စီရင်သော။ ဦးစန္ဒိမာအရှင်၏အယူအကပ္ပိယဝါဒ။ဤဝါဒနှစ်ပါး ကို။အဋ္ဌကထာ၌လာတိုင်း။ ကွဲပြားအောင်ဆုံးဖြတ်မည့်ပါဠိရပ် ကား။ ။အထဒွိန္နံပိ။ ကာရဏစ္ဆာယာဒိဿတိ။ ပဋိက္ခိတ္တဘာ ဝေါယေဝသာဓုအကပ္ပိယေဉာတဗ္ဗံ။ ။ပါရာဇိကဏ်အဋ္ဌက ထာ။-၁-ကြောင်းပေ။ ဍု၁၊ချပ်ကျောဘက်။-၄-ကြောင်းတပိုင်း တွင်များစွာလာသည်သိလိုလျှင်ရှု။

အနက်ယောဇနာကား။ ။အထယဒိ။အကယ်၍။ ဒွိန္နံပိ။ကပ္ပိ ယဝါဒ။ အကပ္ပိယဝါဒ နှစ်ပါးတို့အားလည်း။ ကာရဏစ္ဆာယာ။ အပ်ကြောင်းမအပ်ကြောင်း၏အရိပ်သည်။ ဒိဿတိ။ ထင်အံ့။ ပ ဋိက္ခိတ္တဘာဝေါယေဝ။အပ်သည်ဟုအယူရှိသောကပ္ပိယဝါဒကို ပယ်သည်၏အဖြစ်သည်သာလျှင်။သာဓု။ကောင်း၏။အကပ္ပိယေ။ မအပ်ဟုအယူရှိသောအကပ္ပိယဝါဒ၌။ဉာတဗ္ဗံ။တည်အပ်၏။

ဤအဋ္ဌကထာအလို။ တဦးသောပုဂ္ဂိုလ်က အပ်သည်။ တဦး သော ပုဂ္ဂိုလ်ကမအပ်။ ထိုစကား နှစ်ရပ် တို့သည်။ အပ်သင့် ကြောင်းလည်း အရိပ်ထင်သည်။ မအပ်သင့်ကြောင်းလည်း အ ရိပ်ထင်သည်ဖြစ်အံ့။ အပ်သည်ဟုအယူရှိသော ကပ္ပိယဝါဒကို ပယ်ရမည်ဆိုလိုသည်။ အကြောင်းအရိပ်မထင်ဘဲလျက်။ အလ ကားသက်သက်မအပ်ဟုဆိုသော အယူဝါဒကို။ယူရမည်မဆို လို။ဥက္ကံဝံသမာလာမထေရ်ကြီး စီရင်တော်မူသော ဗုဒ္ဓသရိက္ခ စာတမ်း၌။တိဂုမ္ဘစေတီတော်ကြီး၏တံတိုင်းအတွင်း၌ဘိနပ်စီး ကောင်းစီးအပ်၏ဟု။ရေးသားတော်မူသောကြောင့်။ဘိနပ်စီးအပ် ၏ဟုရေးသားသောဗုဒ္ဓသရိက္ခစာတမ်းကိုပယ်ရမည်ဟုကောံ ယူဆုံးဖြတ်လိုက်သည်။သပ္ပုရိသအပေါင်းသူတော်ကောင်းတို့။

စေတီတော်ကို။ရိုသေခြင်းဂါရဝပြု၍။ပူဇော်ကြသောအရာ မှာ။ စေတီတည်ထားပြီးကိုထားဘိဦး။ စေတီမတည်မီကပင်။ စေတီတည်ရာကုန်းမြေများကိုသော်လည်း။ပူဇော်ကြကြောင်း ကို။ ။တိဂုမ္ဘစေတီတော်သမိုင်း။ က၊အစ။ ဃ၊အဆုံး။-၁၀

ကြောင်းပေ။ ခါ၊ချပ်။ ကျောဘက်တကြောင်း တမိုင်းတွင်၊ ။
တဖုသသဖလိကညီနောင်တို့သည်။မြတ်စွာဘုရားဆံတော်မြတ်
တည်ထားရာ။ သိင်္ဂုတ္တရကုန်းကိုရှာဘွေကြရာတွေ့ရှိကြ၍။ ဤ
ကုန်းမြတ်ကား။ ဘုရားရှင် မှာတော်မူသော ကုန်းမြတ်ပင် တ
ကားဟုဆို၍။ထိုကုန်းမြတ်ကို ပူဇော်သက္ကာရ ပြုကြောင်း။ ။
ဇင်းပြင်ဆံတော်တည်ထားရာ။ သိင်္ဂုတ္တရကုန်းမြတ်ကို တွေ့ရှိ
ကြောင်းနှင့်။ ဥက္ကလာပမင်းကြီးအား။ သံတော်ဦးတင်ကြားကြ
လေလျှင်။မင်းကြီးလည်း။ထိုခဏ၌ပင်။ မင်းလုင်တယောက်ကိုစေ
၍။ ကြည့်စေသည်ရှိသော်။ ထိုမင်းလုင်လည်း။ သိင်္ဂုတ္တရကုန်း
မြတ်ကိုမြင်လျှင်။ ကြည်လင်သောစိတ်နှလုံး ရှိသည်ဖြစ်၍။ မိမိ
ကိုယ်တွင်ဝတ်သောပုဆိုးကို။ကုန်းမြတ်၌ပူဇော်၍။ ဆုတောင်း
ကြောင်းကိုလာရှိရကား။ စေတီတည်ပြီးမှာမူ။ ပဂေဝ။ အဘယ်
ဆိုဘွယ်ရာရှိတော့အံ့နည်း။အထူးသဖြင့်ရိုသေခြင်းကိုသာပြုကြ
ရမည်။သိင်္ဂုတ္တရကုန်းမြတ်တွင်။ ဘိနပ်စီးခြင်းကိုမူကား။ထိုသူ
တို့ကုန်းမြတ်၌ပင်ပူဇော်ကြသည်ကိုထောက်လျှင်။အတိအကါရ
ဝ။အလွန်အထူးသဖြင့် မရိုသေရာရောက်သည်။ အရှင်မဟိန္ဒ ရ
ဟန္တာမြတ်သည်။ဒေဝါနံပိယတိဿမင်းကြီးနှင့် အတူတကွကြွ
သွားတော်မူလျှင်။မဟာစေတီတည်ရာမြေအရပ်ကိုမြင်၍။စကား
ပန်းဖြင့်ရဟန္တာအရှင်ပူဇော်ကြောင်းကိုပါရာဇိကဏ်အဋ္ဌကထါ
၌ကျယ်စွာလာရှိရကား။ဈေးလုပညာရှိ။အဘိညာဏ်ရ။ရဟန္တာ
အရှင်တို့သည်၊နောင်လာနေဝံသား။ရဟန်းရှင်လူအများတို့ဘုရား
စေတီတော်၌ပင်။မရိုမသေပြုမည်ကိုမြင်တော်မူရကား။ တင်
ကူး၍စေတီတည်ရာမြေကို။ပူဇော်၍ပြသော်လည်း။ဆိတ်စာမျှ
ကျောမချမ်းလျှင်။ ရဟန္တာအရှင်တို့။ အမြင် တော်နှင့် ညီသော
ပဋိုလ်ဟုဆိုဘွယ်ရာရခဲ့သည်။ ။ယင်းသို့ဖြစ်၍။ဗါးကရာဆ
ရာတော်ကြီး။မလယ်ဆရာတော်ကြီးများလည်း။ ကျောင်းတိုက်
အတွင်းစေတီတော်အနီးအနား။ဘိနပ်စီးသွါးသည်ဆိုသောစကား
မှါ။သူခိုးသဘော်ညှိသောစကားဟုအများမှတ်ထင်ကြသည်။

တိဂုန္တစေတီတော်ကြီး၏ သမိုင်းစာကို အကြိမ်ကြိမ် ရှုလျှင် ကျွတ်ထိုက်သောပုဂ္ဂိုလ်တို့မှာ။အတိဂါရဝဖြစ်ကြပါလိမ့်မည်။

နိဗ္ဗာန်အလို့ငှာ။ ကျင့်ဆောင်အားထုတ်။ လှူဒါန်း ကုန်သော ပုဂ္ဂိုလ်တို့၏နိဗ္ဗာန်သို့ရောက်ကြောင်းတရားတို့သည်။ဝေးသော အကြောင်း။ နီးသောအကြောင်းဟူ၍။နှစ်ပါးအပြားရှိ၏။ ထိုနှစ် ပါးတို့တွင်။ နိဗ္ဗာန်နှင့်ဝေးသောအကြောင်းမှာ။ သင့်တင့်သော အရပ်၌ဖြစ်ခြင်း။ ပဋိရူပဒေသဝါသ။ ရှေးကပြုခဲ့ဘူးသော ဒါန။ သီလ။ ဘာဝနာဟုဆိုအပ်သော ကောင်းမှုရှိခြင်း။ ပုဗ္ဗေစကတ ပုည။ ဤနှစ်ပါးသော အကြောင်းသည်။ နိဗ္ဗာန်နှင့်ဝေးသော အ ကြောင်းတည်း။ ပုဗ္ဗေစ ကတပုညမှာ။ ပုတိဂတ္တ တိဿ မ ထေရ်ဝတ္ထု၌။ ရှေးဘုရားတို့လက်ထက်။ ဆွမ်းလှူဘူးသောဒါန ကုသိုလ်ကြောင့်။ မဂ်ဖိုလ်ရကြောင်းကို။ ဘုရားဟောတော်မူ သည်။ပဉ္စသီလသမာဒါနထေရ်၏ဝတ္ထုမှ။ရှေးဘုရားတို့လက် ထက်။ ငါးပါးသီလ ဆောက်တည်ဘူးသော။ သီလ ကုသိုလ် ကြောင့်။မဂ်ဖိုလ်ရကြောင်းကို။ ဘုရားဟောတော်မူသည်။ ယ သထေရီမ၏ဝတ္ထုမှာ။ရှေးဘုရားတို့လက်ထက် သူကောင်းဖုတ် သောအမျိုး၌ဖြစ်၍။သူကောင်းဖုတ်ရော။ ပုဋ္ဌဝက။အသုဘဘာဝ နံကို။နှလုံးသွင်းဘူးသောဘာဝနာကုသိုလ်ကြောင့်။ မဂ်ဖိုလ်ရ ကြောင်းကို။ဘုရားဟောတော်မူသည်။ ဤသို့စသည်ဖြင့်။ဝတ္ထု သာဓကမှာ များစွာပင်ရှိ၏။ ထို့ကြောင့်။ ပုဗ္ဗေစကတပုညဟု ဆိုအပ်သော ဒါနသီလဘာဝနာသည်။ နိဗ္ဗာန်နှင့်ရချဧကန်အမှန် ဝေးသောအကြောင်းပေတည်း။ ။သားကောင်ကိုသေအောင် ပြုသည်ကား။မြှားတည်း။ မြှားသည်လေးဟူသော အကြောင်း နှင့်မကင်း။ လေးသည်မုဆိုးဟူသောအကြောင်းနှင့်မကင်း။ သုံး ပါးလုံးပင်။သားကောင်ကိုညွတ်ကြသကဲ့သို့။ဒါနသည်မုဆိုးနှင့် တူ၏။ သီလသည်လေးနှင့်တူ၏။ ဘာဝနာသည် မြှားနှင့် တူ၏။ သားကောင်သည်။ နိဗ္ဗာန်နှင့်တူ၏။ ဤဥပမာ။ ဥပမေယျနှင့်တ တွဲ။နိဗ္ဗာန်နှင့်ဝေးသောအကြောင်းကိုမှတ်ရမည်။

နိဗ္ဗာန်နှင့်နီးသောအကြောင်းမှာ။ ၁ ။သပ္ပုရိသုပနိဿျ။ ၂ သဒ္ဓမ္မဿဝန။ ၃ ။ယောနိသောမနသိကာရ။ ၄ ။အတ္တသမာပဏိဓိ။ ၅ ။အာတာပိအာရဒ္ဓဝီရိယ။ ၆ ။ပါဠိဟာရိယပညာ ၇ ။သမထ။ ၈ ။ဝိပဿနာ။ ၉ ။မဂ်။ ၁၀ ။ဖိုလ်။ ၁၁ ။ နိဗ္ဗာန်။ ။ဤ ၁၁ ပါးတည်း။ ။ထို ၁၁ ပါးတို့တွင်။သူတော်ကောင်းတို့ကိုမှီဝဲဆည်းကပ်ခြင်း။ သပ္ပုရိသုပနိဿျကို ရသောသူသည်သာလျှင်။ သူတော်ကောင်းတို့ဟောပြော သောတရားကိုကြားနာရခြင်း။ သဒ္ဓမ္မဿဝနကိုရရာသည်။သဒ္ဓမ္မဿဝနကိုရသောသူသည်သာလျှင်။ အသင့်အတင့်အားဖြင့်နှလုံးသွင်းခြင်း။ ယောနိသော မနသိကာရကို ရရာသည်။ ယောနိသော မနသိကာရကိုရသော သူသည်သာလျှင်။ မိမိကိုယ်ကို ကောင်း စွာစောင့်ရှောက်ခြင်း။ တနည်း။ လေးပါးသောစတုပါရိသုဒ္ဓိသီလနှင့်ပြည့်စုံခြင်း။ အတ္တသမာပဏိဓိကိုရရာသည်။ အတ္တသမာပဏိဓိကိုရ သောသူသာလျှင်။ကိလေသာကိုပူပန်စေတတ်သောလုံ့လနှင့်ပြည့်စုံခြင်း။အာတာပိအာရဒ္ဓဝီရိယကိုရရာသည်။အာတာပိအာရဒ္ဓဝီရိယကိုရ သောသူသည်သာလျှင်။ သမထဝိပဿနာနှင့်ယှဉ်သော။ ပါဠိဟာရိယပညာကို ရရာသည်ပါဠိဟာရိယပညာကိုရ သောသူသည်သာလျှင်။သမထကမ္မဋ္ဌာန်းလေးဆယ်ဟုဆိုအပ်သော။ သမထကိုရရာသည်။ သမထကိုရသော သူသည်သာလျှင်။ဝိပဿနာကမ္မဋ္ဌာန်းလေးဆယ်ဟုဆိုအပ်သော။ဝိပဿနာကိုရရာသည်။ဝိပဿနာကိုရ သောသူသည်သာလျှင်။မဂ်လေးပါးကိုရရာသည်။မဂ်လေးပါးကိုရ သော သူသည်သာလျှင်။ဖိုလ်လေးပါးကိုရရာသည်။ ဖိုလ်လေးပါးရ သောသူသည်သာလျှင်။နိဗ္ဗာန်ကိုရရာသည်ဖြစ်၍။ဤ ၁၁ ပါးသောအကြောင်းတို့သည်။နိဗ္ဗာန်နီးသော အကြောင်းဧကန်တည်းဟု။သန္နိဋ္ဌာန်ကျမှတ်ရမည်။ ။မနုဿတ္တဒုလ္လဘကိုရ၍။ သဒ္ဓါသမ္ပတ္တိရှိကြသောတိဟိတ်ပဋိသန္ဓေပညာနှင့်ပြည့်စုံသောအမျိုးကောင်းသား။ အကျင့်ကောင်းသောပုဂ္ဂိုလ်တို့သည်။ဤ ၁၁ ပါးသော တရားကို။

အစဉ်မချွတ်ပြု၍။နိဗ္ဗာန်ကိုမျက်မှောက်ပြုကြရကုန်သည်။ ။ယခုကာလ။ ခေတ်သမယတွင်။ နိဗ္ဗာန်ကိုလိုလားကြသော။ အမျိုးကောင်းသား။ အကျင့်ကောင်းပုဂ္ဂိုလ်တို့မှာ။ မနုဿတ္တဒုလ္လဘကိုရကြသည်ဖြစ်၍။သဒ္ဓါသမ္ပတ္တိ။တိဟိတ်ပဋိသန္ဓေ ပညာပြည့်စုံပါက။ယခုဘဝပစ္စက္ခ၌ပင်လျှင်။၎င်း ၁၁ ပါးသောတရားကို။အစဉ်မချွတ်ပြည့်စုံအောင်ပြု၍။ နိဗ္ဗာန်ကိုမျက်မှောက်ပြုကြရမည်။ ၎ကန်ဟု။ဝိစိကိစ္ဆာမရောရှက်ဘဲ။ နှစ်သက်စွာယုံကြည်ကြရမည်။

ဒါနသီလဘာဝနာနိဗ္ဗာန်နှင့်ဝေးသည် ဆိုသည်မှာ။ ပါရမီမပြည့်သေး၍။ ပြည့်၍နေရလိမ့်ဦးမည် ဖြစ်သောကြောင့်။ နိဗ္ဗာန်နှင့်ဝေးသည်ဆိုပါသည်။ပါရမီပြည့်ပြီးသောပုဂ္ဂိုလ်တို့မှာ။ ယခုဘဝပင်နိဗ္ဗာန်သို့ကူးရောက်နိုင်သောကြောင့်။နိဗ္ဗာန်နှင့်နီးသည်ဆိုပါသည်။၎င်းသို့စာအုပ်အဆုံး၌။ဒါနသီလဘာဝနာမဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်းတရားကို။အနည်းဖြစ်စေ။အများဖြစ်စေ။ ထည့်သွင်းရေးသားတော်မူကြပြီးလျှင်။ ဘိနပ်စီးအပ်သည်။မစီးအပ်သည်ဟူသောစကားကို ဘိကာမျှဖြင့်။နိဗ္ဗာန်သို့မရောက်နိုင်။ ၎င်းစကားကိုအမှုကြီးတခုပြုလုပ်၍နေ့ရက်ကိုမကုန်ကြစေနှင့်၊နိဗ္ဗာန်ရောက်ကြောင်းလမ်းကောင်းကိုသာလိုက်နာ၍။ ကျင့်ကြရမည်ဟု။ ဩဝါဒပေးတော်မူကြပါမည့်အကြောင်းကို။ စာအုပ်စီရင်တော်မူကြသောပညာရှိပုဂ္ဂိုလ်တို့၌။ ပညာရှိလျှက် သတိဖြစ်ခဲ့သည်ဆိုသောစကားကိုထောက်၍။သတိနှိုးဆော်လိုက်ပါသည်။

တိဂုံဆံတော်ဘုရားကြီး၏တည်ရာ။ ရန်ကုန်မြို့စီရင်စု ဒလတိုက်။မြို့မရပ်။ ဘုံပိုင်ဘာရမာ။လွှစက်စာရေးမောင်စံထွန်းအမည်ရှိသောအကျွန်ုပ်သည်။အရညဂါအရပ်၌သာလျှင်နှလုံးပျော်မွေ့လေ့ရှိသောဆရာကောင်းအရှင်ကောင်းသူမြတ်ထံမှ။ သပ္ပုရိသပနိသျှကိုရရှိသည်အလျောက်။ ကောက်ယူရေးသားလိုက်သောကာလဟာဝိနိစ္ဆယစာတန်း။-၁၂၅၉-ခုတော်သလင်းဆုတ် ၃-ရက်နေ့တွင်။အပြီးအဆုံးသို့ရောက်သည်။

| ဦးရေပေါင်း။ | လူမည်အလုပ်အကိုင်။ | နေရပ်။ | စာအုပ်ရေ။ |
|---|---|---|---|
| ၁ | ကိုကွန်နှင့်တကွရွာသားတစု | တံတားချောင်း | ၂၇၂ |
| ၂ | ကိုကံသာနှင့်တကွရွာသားတစု | မင်းရွာ | ၂၂၂ |
| ၃ | မောင်ရွှေတာ စာရေးကြီး | စက်တန်း | ၁၂၅ |
| ၄ | ကိုစံထွန်း ၎င်း | မြို့မ | ၁၀၀ |
| ၅ | ကိုဆင် ၎င်း | မင်းတန်း | ၁၀၀ |
| ၆ | ကိုဘိုးထင် ရုံပိုင် | ဆန်စက် | ၁၀၀ |
| ၇ | ကိုဘိုးအို။ပုတ်ပြတ်ခံသောဆရာ | လက်ပံတန်း | ၁၀၀ |
| ၈ | မအုံ။စာရေးကြီးကတော် | မင်းတန်း | ၁၀၀ |
| ၉ | ကိုဘအုံ။စာရေးကြီး | မြို့မ | ၅၀ |
| ၁၀ | မောင်ဂျော်နီ။စက်ဆရာ | ပန်းထိမ်တန်း | ၅၀ |
| ၁၁ | ကိုသာအောင်။ ကုန်သည် | မြို့မ | ၅၀ |
| ၁၂ | ဦးပုံ ၎င်း | လက်ပံတန်း | ၅၀ |
| ၁၃ | မလှ။ကိုမြ ၎င်း | ၎င်း | ၅၀ |
| ၁၄ | ကိုကျော် ၎င်း | ညောင်ပင်တန်း | ၅၀ |
| ၁၅ | ဦးညွန့် ၎င်း | ၎င်း | ၂၅ |
| ၁၆ | ကိုရွှေမှျင် ၎င်း | ၎င်း | ၂၅ |
| ၁၇ | ကိုပိုက် ၎င်း | ၎င်း | ၂၅ |
| ၁၈ | ကိုရွှေခါ ၎င်း | ၎င်း | ၂၅ |
| ၁၉ | ဦးတချပ် ၎င်း | ၎င်း | ၂၅ |
| ၂၀ | ဦးရွှေမောင် ၎င်း | ၎င်း | ၂၅ |
| ၂၁ | ဦးရိုး ၎င်း | ၎င်း | ၂၅ |
| ၂၂ | ကိုထွန်းအောင် ၎င်း | ၎င်း | ၂၅ |

| အမှတ်စဉ်။ | လူမည်အလုပ်အကိုင်။ | | နေရပ်။ | စာအုပ်ရေ။ |
|---|---|---|---|---|
| ၂၃ | ဦးသင်း | ၎င်း | ၎င်း | ၂၅ |
| ၂၄ | ဦးပေတိုး | ၎င်း | ၎င်း | ၂၅ |
| ၂၅ | မနှင်းဘူး | ၎င်း | ၎င်း | ၂၅ |
| ၂၆ | မလှ | ၎င်း | ၎င်း | ၂၅ |
| ၂၇ | မဖွား | ၎င်း | ၎င်း | ၂၅ |
| ၂၈ | ကိုစံဦး | ၎င်း | ၎င်း | ၂၅ |
| ၂၉ | မငြိမ်း | ၎င်း | ၎င်း | ၂၅ |
| ၃၀ | ကိုရွှေခ | ၎င်း | ၎င်း | ၂၅ |
| ၃၁ | ကိုလှောက် | ၎င်း | ၎င်း | ၂၅ |
| ၃၂ | ကိုချိပ်။မကူး | ၎င်း | ၎င်း | ၂၅ |
| ၃၃ | ကိုဘိုးစိုး။မြို့သူကြီးမင်း | | လက်ပံတန်း | ၂၅ |
| ၃၄ | မောင်ထွန်းမောင်။စာရေးကြီး | | ၎င်း | ၂၅ |
| ၃၅ | ကိုသာထူး။ | ကုန်သည် | ၎င်း | ၂၅ |
| ၃၆ | ဦးရွှေကောင်း | ၎င်း | ၎င်း | ၂၅ |
| ၃၇ | ကိုထွန်းကျော် | ၎င်း | ၎င်း | ၂၅ |
| ၃၈ | ဦးကန် | ၎င်း | ၎င်း | ၂၅ |
| ၃၉ | ကိုပေါ်သစ် | ၎င်း | ၎င်း | ၂၅ |
| ၄၀ | ကိုဘိုးဆင် | ၎င်း | ၎င်း | ၂၅ |
| ၄၁ | မောင်ချိန် | ၎င်း | ၎င်း | ၂၅ |
| ၄၂ | ကိုလူဖေ | ၎င်း | ၎င်း | ၂၅ |
| ၄၃ | ကိုရွှေဆိတ် | ၎င်း | ၎င်း | ၂၅ |
| ၄၄ | မကင်းမေ။ကိုလိပ် | ၎င်း | မြို့မတန်း | ၂၅ |

| အမှတ်စဉ်။ | လူမည်အလုပ်အကိုင်။ | | နေရပ်။ | စာအုပ်ရေ။ |
|---|---|---|---|---|
| ၄၅ | မောင်နောက်တိုး | ၎င်း | မြို့မတန်း | ၂၅ |
| ၄၆ | ကိုရွှေအပ် | ၎င်း | ၎င်း | ၂၅ |
| ၄၇ | ကိုသာဦး | ၎င်း | ၎င်း | ၂၅ |
| ၄၈ | ကိုပု။မမြိုင် | ၎င်း | ၎င်း | ၂၅ |
| ၄၉ | ကိုလူဖေ။မကြူး | ၎င်း | ၎င်း | ၂၅ |
| ၅၀ | မညိမကြီး | ၎င်း | ၎င်း | ၂၅ |
| ၅၁ | ဦးသာထွန်း | ၎င်း | မင်းတန်း | ၂၅ |
| ၅၂ | မလှရာ။ကိုအောင်လှသစ်ပွဲစား | | ၎င်း | ၂၅ |
| ၅၃ | ကိုလူဖေ။မယဉ် | စာရေးကြီး | ၎င်း | ၂၅ |
| ၅၄ | ကိုဩကြီး | လက်သွားဆရာ | ၎င်း | ၂၅ |
| ၅၅ | မောင်ခင် | စာရေးကြီး | ၎င်း | ၂၅ |
| ၅၆ | ကိုစစ်စိ | ၎င်း | ဆိပ်ကြီးရွာ | ၂၅ |
| ၅၇ | ကိုဘိုးစ | ကုန်သည် | ညောင်ပင်တန်း | ၂၅ |
| ၅၈ | မရွှေအုံ | ၎င်း | ဆန်တန်း | ၂၅ |
| ၅၉ | မချစ်မေ | ၎င်း | ၎င်း | ၂၅ |
| ၆၀ | မောင်သင်းအောင် | ၎င်း | မြို့မ | ၂၅ |
| ၆၁ | မဖဲအို | ၎င်း | ပန်းထိမ်တန်း | ၂၅ |
| ၆၂ | မတဆုတ် | ၎င်း | မြို့မ | ၂၅ |
| ၆၃ | ကိုရွှေဆင်။မငွေး။လက်သွားဆရာ | | ညောင်ပင်တန်း | ၃၂ |
| ၆၄ | ကိုသံချောင်းပုံဆရာ | | ညောင်ပင်တန်း | ၃၂ |
| ၆၅ | မောင်ဘိုးမြစ်စာရေကြီး | | ပန်းထိမ်တန်း | ၂၅ |

အရေပေါင်း-၂၇၀၀။